# သင်၏ဓမ္မပညာအား တည်ဆောက်ခြင်း

## သင်ခန်းစာ နှစ်

## ခရစ်ယာန်ဓမ္မပညာကို လေ့လာဖော်ထုတ်ခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။  ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။  ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

ခရစ်ယာန်ဓမ္မပညာ ........ 2

အဓိပ္ပါယ်ဖွင့်ဆိုချက်များဆိုင်ရာ ပြဿနာများ ........ 2

လက်တွေ့ကျသောအဓိပ္ပါယ်ဖွင့်ဆိုချက် ........ 5

စည်းလုံးညီညွတ်မှုနှင့် မတူကွဲပြားမှု ........ 8

ပေါင်းစည်းထားသော ဓမ္မပညာ ........ 8

များစွာသော ဓမ္မပညာများ ........ 11

ခရစ်ယာန်ထုံးတမ်းစဉ်လာများ ........ 15

ထုံးတမ်းစဉ်လာအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း ........ 16

အပြုသဘောမဆောင်သော အဓိပ္ပာယ်ဖွင့်ဆိုချက် ........ 16

အပြုသဘောဆောင်သော အဓိပ္ပါယ်ဖွင့်ဆိုချက် ........ 17

ထုံးတမ်းစဉ်လာများ၏ သဘောထားများ ........ 21

ရှေးရိုးစွဲဝါဒ Orthodoxy ........ 22

မှန်ကန်သောအပြုအမူဆိုင်ရာ Orthopraxis ........ 23

မှန်ကန်သောခံစားမှု Orthopathos ........ 24

ထုံးတမ်းစဉ်လာများ၏ အရေးပါမှု ........ 25

မိမိကိုယ်ကို သတိထားခြင်း ........ 26

အခြားသူများကို သတိပြုခြင်း ........ 28

ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာ ........ 29

မူလအစများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ........ 29

သဘောထားများ ........ 32

ကွဲပြားခြားနားချက်များ ........ 33

Solas ငါးခု ........ 33

သမ္မာကျမ်းစာ၏ စည်းလုံးညီညွတ်ခြင်း ........ 34

ဘုရားသခင်အကြောင်း ဩဝါဒသွန်သင်ချက် ........ 36

လူ့ယဉ်ကျေးမှု ........ 38

နိဂုံး ........ 41




ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ငယ်ရွယ်သောဇနီးမောင်နှံများ အိမ်ထောင်ပြုသောအခါ မတူညီသောမိသားစုနောက်ခံအခြေအနေကြောင့် ဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲမှုများကို မကြာခဏ ရင်ဆိုင်ရလေ့ရှိတတ်သည်။ တစ်ဦးကိုတစ်ဦး နှစ်နှစ်ကာကာ ချစ်ကြသော်လည်း၊ သူတို့၏ ဦးစားပေးမှုနှင့် မျှော်လင့်ချက်များအပေါ် ၎င်းတို့၏မိသားစုများသည် မည်မျှပုံသွင်းပေးထားသည်ကို အသိအမှတ်ပြုရန်လည်း လိုအပ်ပါသည်။ အကယ်၍သူတို့သည်ဤအချက်ကိုမသိမှတ်လျှင် ခရစ်တော်အလိုရှိတော်မူသော မေတ္တာနှင့် လေးစားမှုရှိသော အိမ်ထောင်ရေး၏ဆက်ဆံရေးမျိုး တည်ဆောက်ရန် ခက်ခဲနိုင်သည်။

နည်းလမ်းများစွာတွင်၊ ခရစ်တော်၏နောက်လိုက်များသည် ဓမ္မပညာကို စူးစမ်းလေ့လာသကဲ့သို့ အလားတူပင်ဖြစ်သည်။ ခရစ်ယာန်များသည် ၎င်းတို့၏ ယဉ်ကျေးမှုဩဇာလွှမ်းမိုးမှုများ၊ အစားထိုးယဉ်ကျေးမှုများနှင့် အသင်းတော်၏အသင်းအဖွဲ့ခွဲအသီးသီး၏ ထုံးတမ်းစဉ်လာများမှ ဖြစ်ပေါ်လာသည့် မတူညီသော ဦးစားပေးမှုများနှင့် မျှော်လင့်ချက်များရှိကြသည်။ ဤနောက်ခံများသည် ခရစ်ယာန်ဓမ္မပညာကို လေ့လာပြီး အသက်ရှင်နေချိန်တွင် ကျွန်ုပ်တို့၏ဦးစားပေးမှုများနှင့် မျှော်လင့်ချက်များကို နက်ရှိုင်းစွာ ပုံဖော် ပေးသည်။ သို့သော် ဤလွှမ်းမိုးမှုများသည် ကျွန်ုပ်တို့ကို မည်မျှအကျိုးသက်ရောက်သည်ကို အသိအမှတ်မပြုပါက၊ ခရစ်တော်အလိုရှိတော်မူသော မေတ္တာနှင့် လေးစားထိုက်သော ဓမ္မပညာဆိုင်ရာအမြင်မျိုးများကို တည်ဆောက်ရန် ခက်ခဲပါလိမ့်မည်။

ဤသည်မှာ ကျွန်ုပ်တို့၏အခန်းဆက်ဆောင်းပါးဖြစ်သည့် *သင်၏ဓမ္မပညာအားတည်ဆောက်ခြင်း* တွင် ဒုတိယသင်ခန်းစာဖြစ်သည်။ ဤသင်ခန်းစာတွင်၊ လေ့လာမှုတစ်ခုလုံးကို လမ်းညွှန်ပေးမည့် အခြေခံလမ်းညွှန်ချက်များကို ဖော်ပြပါမည်။ ကျွန်ုပ်တို့သည် ဤသင်ခန်းစာကို "ခရစ်ယာန်ဓမ္မပညာကို လေ့လာဖော်ထုတ်ခြင်း" ဟု ခေါင်းစဉ်တပ်ပြီး၊ ခရစ်ယာန်ဓမ္မပညာအား မည်သို့တည်ဆောက်ရမည်ကို လေ့လာသည့်အခါ လမ်းညွှန်ပေးမည့် ပိုအရေးကြီးသော ယူဆချက်အချို့ကို ဖော်ပြပါမည်။

ကျွန်ုပ်တို့သည် ဤခေါင်းစဉ်ကို ကျယ်ပြန့်ရာမှကျဉ်းမြောင်းသော အကြောင်းအရာများဆီသို့ ရွှေ့လျားသည့် နည်းလမ်းသုံးမျိုးဖြင့် လေ့လာပါမည်။ ဦးစွာ၊ ခရစ်ယာန်ဓမ္မပညာအပေါ် ကျွန်ုပ်တို့၏ ရှုမြင်ပုံကို ရှင်းပြမည်—မည်သည့်ဓမ္မပညာသည် ခရစ်ယာန်ဓမ္မပညာဖြစ်သနည်း။ ဒုတိယ၊ ခရစ်ယာန်ဓမ္မပညာကို တိကျသောခရစ်ယာန် ထုံးတမ်းစဉ်လာများသည် မည်သို့ပုံဖော်ပေးသည်ကို လေ့လာပါမည်။ တတိယ၊ ကျွန်ုပ်တို့သည် ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာ၏ အခြေခံသဘောတရားအချို့ကို လေ့လာကြည့်ပါမည် — ဤသင်ခန်းစာများကို လွှမ်းခြုံထားသည့် ခရစ်ယာန်ယုံကြည်ခြင်း၏ သီးခြားအသင်းအဖွဲ့ဖြစ်သည်။ ခရစ်ယာန်ဓမ္မပညာ၏ ယေဘုယျအယူအဆကို ဦးစွာကြည့်ကြပါစို့။ ဤအသုံးအနှုန်းများကို အသုံးပြုသောအခါ ဤသင်ခန်းစာများတွင် ကျွန်ုပ်တို့ မည်သည်ကိုဆိုလိုသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ခရစ်ယာန်ဓမ္မပညာ

ကျွန်ုပ်တို့သည် "ခရစ်ယာန်ဓမ္မပညာ" အကြောင်း မကြာခဏပြောကြသော်လည်း ဤအသုံးအနှုန်း၏အဓိပ္ပာယ်နှင့်ပတ်သက်၍ ရှင်းလင်းမှုမရှိပါ။ အချို့သောသူများသည် ခရစ်ယာန်ဓမ္မပညာကို ခရစ်ယာန်များ အမှန်တကယ်ယုံကြည်သည့်အရာအဖြစ် ရည်ညွှန်းကြသည်။ သို့သော် ခရစ်ယာန်နှင့် အမှန်တကယ် မသက်ဆိုင်သောအရာများကို ခရစ်ယာန်များယုံကြည်နေကြသည်ကို ကျွန်ုပ်တို့အားလုံးသိကြသည်။ ခရစ်ယာန်ဓမ္မပညာသည် ခရစ်ယာန်များ ယုံကြည်သင့်သည့်အရာအဖြစ် အချို့ပြောဆိုကြသည်။ သို့သော် ယုံကြည်သင့်သည့်အရာအပေါ် သဘောတူခြင်းအမြဲရှိမည်မဟုတ်ကြောင်းကို ကျွန်ုပ်တို့ဝန်ခံရပါမည်။ ဤအရာများနှင့် အလားတူရှုပ်ထွေးမှုများကြောင့်၊ ဤအခန်းဆက်ဆောင်းပါးတွင် "ခရစ်ယာန်ဓမ္မပညာ" ဟူသောအသုံးအနှုန်းကိုအသုံးပြုသောအခါ ကျွန်ုပ်တို့မည်သည့်အရာကိုဆိုလိုကြောင်း ရှင်းလင်းရန်လိုအပ်ပါသည်။

ကိစ္စရပ်သုံးခုကို ဆွေးနွေးပါမည်။ ဦးစွာ၊ ခရစ်ယာန်ဓမ္မပညာအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များဆိုင်ရာ ပြဿနာအချို့ကို လေ့လာမည်။ ဒုတိယ၊ ခရစ်ယာန်ဓမ္မပညာ၏ လက်တွေ့ကျသောအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဖော်ပြမည်။ တတိယ၊ ခရစ်ယာန်ဓမ္မပညာတွင် ပါဝင်သည့် စည်းလုံးညီညွတ်မှုနှင့် မတူကွဲပြားမှုကို သတိပြုပါမည်။ ခရစ်ယာန်ဓမ္မပညာကို အဓိပ္ပာယ်ဖွင့်ဆိုရန် ကြိုးစားရာတွင် ကြုံတွေ့ရသောအခက်အခဲအချို့ကို ဦးစွာလေ့လာကြပါစို့။

## အဓိပ္ပါယ်ဖွင့်ဆိုချက်များဆိုင်ရာ ပြဿနာများ

ကျွန်ုပ်တို့၏အကြီးမားဆုံးပြဿနာများထဲမှတစ်ခုသည် ခရစ်ယာန်ဓမ္မပညာကို ခရစ်ယာန်မဟုတ်သောဓမ္မပညာနှင့် ခွဲခြားရန်နည်းလမ်းများရှာဖွေခြင်းပင်ဖြစ်သည်။ တခါတရံတွင် ကွဲပြားမှုများကို မြင်ရန်မခဲယဉ်းသော်လည်း၊ ခရစ်ယာန်ဓမ္မပညာကို အခြားသောဓမ္မပညာများနှင့် ခွဲထုတ်ပိုင်းခြားရန် အလွန်ခက်ခဲပါသည်။ ခရစ်ယာန်ဘာသာကို ကမ္ဘာပေါ် ရှိ အခြားဘာသာတရားကြီးများနှင့် ယှဉ်၍ဆင်ခြင်သုံးသပ်သောအခါ၊ ခရစ်ယာန်ယုံကြည်ချက်များနှင့် အလွယ်တကူ ခွဲခြားသိနိုင်သောဘာသာတရားများစွာရှိသည်။ ဥပမာအားဖြင့်၊ အချို့သောလူများသည် ခရစ်ယာန်ဘာသာနှင့် ဟိန္ဒူအယူဝါဒကို ပေါင်းစပ်ရန်ကြိုးစားခဲ့သော်လည်း၊ ဟိန္ဒူဘာသာ၏ (ဘုရားများစွာကို ကိုးကွယ်ခြင်း) polytheism သည် ခရစ်ယာန်ယုံကြည်ခြင်းနှင့် အလွန်ကွာခြားစေသည်။ ဘုရားတစ်ပါးကို ကိုးကွယ်ခြင်းထက် ဘုရားများစွာကို ကိုးကွယ်ခြင်းသည် နှစ်ခုလုံးကို ရှုပ်ထွေးစေပါသည်။

အခြားတစ်ဖက်တွင် အစ္စလာမ်သည် ခရစ်ယာန်ဘာသာနှင့် ပိုမိုနီးစပ်သည်ဟုဆိုနိုင်သည်။ ခရစ်ယာန်ဘာသာကဲ့သို့ပင်၊ အစ္စလာမ်သည် ၎င်း၏အမွေအနှစ်များကို အာဗြဟံထံ ပြန်လည်ခြေရာခံသည်။ ထို့ထက်မက၊ အစ္စလာမ်၏ပရောဖက်နှင့်သူ၏နောက်လိုက်များသည် ကုရ်အာန်ကျမ်းကို ရေးသားရာတွင် ခရစ်ယာန်သွန်သင်ချက်များနှင့် အပြန်အလှန်ဆက်စပ်သည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်အကြား တူညီမှုများစွာရှိသည်။ သို့တိုင်၊ အစိတ်အပိုင်းအများစုအတွက်၊ ၎င်းတို့ကြားတွင် ခိုင်မာသော၊ သိသာသောနှင့် အခြေခံကျသောကွဲပြားမှုများ ရှိနေသောကြောင့် အစ္စလာမ်ဘာသာကို ခရစ်ယာန်ယုံ

ကြည်ချက်နှင့် ခွဲခြားရန် ကြီးမားသော အခက်အခဲမရှိပါ။ ဥပမာအားဖြင့်၊ ခရစ်ယာန်ဘာသာသည် အစ္စလမ်ဘာသာ၏ ငြင်းဆို ချက်နှင့်ဆန့်ကျင်လျက် ခရစ်တော်၏ဘုရားဖြစ်ခြင်းနှင့် မြင့်မြတ်ခြင်း သမ္မာတရားများကို အခိုင်အမာအ တည်ပြုသည်။

ဂျူးဘာသာနှင့်ပတ်သက်၍ မည်သို့နည်း။ ခရစ်ယာန်ဘာသာသည် ဂျူးဘာသာမှ ပေါက်ဖွားလာသောကြောင့် ဂျူးဘာသာသည် ခရစ်ယာန်ဘာသာနှင့် ပို၍နီးကပ်စွာ ဆက်စပ်နေပါသည်။ မည်သို့ပင်ဆိုစေကာမူ၊ ယေရှုသည် မေရှိယ၊ ခရစ်တော်ဖြစ်သည်ကို ဂျူးဘာသာသည်ငြင်းဆိုသောကြောင့် ၎င်းကို ခရစ်ယာန်ယုံကြည်ခြင်းနှင့် ရောထွေးသောလူအနည်းငယ်သာရှိသည်။ ဤဓမ္မပညာဆိုင်ရာအမြင်များနှင့် အခြားအဓိကကမ္ဘာ့ဘာသာတရားကြီးများ၏ ဓမ္မအမြင်များသည် ခရစ်ယာန်ဓမ္မပညာနှင့် အလွန်ကွာခြားသောကြောင့် လူအများစုသည် ၎င်းတို့အား ခွဲခြားရန် အခက်အခဲမရှိကြပါ။ ကျွန်ုပ်တို့၏ဓမ္မပညာနှင့် ၎င်းတို့၏ဓမ္မပညာကြားတွင် ခိုင်လုံသောနယ်နိမိတ်များကို တည်ဆောက်နိုင်ပါသည်။

> ဓမ္မပညာအရ ဂျူးဘာသာ၊ အစ္စလာမ်တို့နှင့် ခရစ်ယာန်ဘာသာကို ကွဲပြားခြားနားစေထားသောအရာသည် ခရစ်တော်၏ပုဂ္ဂိုလ်ဖြစ်ခြင်းအပေါ် အထူးပြုမှုဖြစ်သည်။ ဘာသာတရားတိုင်းသည် ယုံကြည်ချက်တစ်ခုခုနှင့် ပတ်သက်ပါသည်။ အခြားဘာသာတရားများဖြစ်သည့်— ဂျူးဘာသာနှင့် အစ္စလာမ်— တို့သည် ခရစ်ယာန်ဘာသာတွင် ရှိသကဲ့သို့ပင်၊ ဘုရားသခင်အား ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်သည်။...ဂျူးဘာသာမှ ပေါက်ဖွားလာသော ကျွန်ုပ်တို့အတွက် မတူညီသော ဇာတ်လမ်းမှာ၊ ဘုရားသခင်သည် သူ၏ကတိတော်များကို စောင့်ထိန်းခြင်းဖြစ်သည်ဟုထင်ပါသည်...ခရစ်ယာန်ဘာသာ၌ ခရစ်တော်သည် ထိုယခင်ကတိတော်များအားလုံး၏ပြည့်စုံခြင်း ဖြစ်လာသည်။ အမှန်အားဖြင့်၊ ကိုယ်တော်သည် လူတို့ကိုမိမိတို့၏ အပြစ်များမှ ကယ်တင်သော ထိုမေရှိယ၏ ပြည့်စုံမှု ဖြစ်လာသည်။ မာတုရအဖြစ် အသက်ပေးရုံမျှမက၊ ကျွန်ုပ်တို့အတွက် ရွေးနှုတ်ရန်၊ ဖြောင့်မတ်စေရန်၊ ခွင့်လွှတ်ရန် နည်းလမ်းကို အမှန်တကယ် ထောက်ပံ့ပေးသောသူဖြစ်လာသည်။
>
> **ဒေါက်တာ Oliver L. Trimiew, Jr.**

တစ်ချိန်တည်းမှာပင်၊ ဓမ္မပညာကျောင်းများစွာသည် ခရစ်ယာန်နှင့် ခရစ်ယာန်မဟုတ်သော အတွေးအခေါ်တို့ကို ရောနှောပေါင်းစပ်သောကြောင့် စစ်မှန်သောခရစ်ယာန်ဘာသာကို အခြားယုံကြည်ချက်များနှင့် ခွဲခြားရန် တစ်ခါတစ်ရံ ခက်ခဲစေသည်။ ယေဟောဝါသက်သေများ၊ Mormonism နှင့် Christian Science ကဲ့သို့သော၊ ကျွန်ုပ်တို့ခေတ်တွင်လူကြိုက်များသော ခရစ်ယာန်ဂိုဏ်းဂဏများတွင် ထိုသို့သော ထပ်တူပြုမှုဝါဒကို မြင်တွေ့ရမည်ဖြစ်သည်။ မျက်မှောက်ခေတ် လစ်ဘရယ်ဝါဒကို အားပေးထောက်ခံရန်အတွက်၊ ၎င်းတို့၏ ရှေ့ဆောင်သူဘိုးဘေးများ၏ ဓမ္မပညာဆိုင်ရာသဘောထားများကို စွန့်လွှတ်ခဲ့သော အသင်းတော်များနှင့် ဂိုဏ်းဂဏအများများတွင်ပင် တွေ့ရှိနိုင်သည်။ ယခုအခါ၊ ဤထပ်တူကျသောဘာသာတရားများ၏ အချို့သောရှုထောင့်များကို ခရစ်ယာန်မဟုတ်သူများအဖြစ် အလွယ်တကူ

ခွဲခြားသိမြင်နိုင်သော်လည်း၊ အခြားအရာများမှာမူ စစ်မှန်သောခရစ်ယာန်ဘာသာနှင့် အလွန်နီးစပ်နေပါသည်။ ထို့ကြောင့် ဤကိစ္စရပ်များတွင်၊ ကျွန်ုပ်တို့သည် ခရစ်ယာန်နှင့် ခရစ်ယာန်မဟုတ်သော ဓမ္မပညာရပ်များကြားတွင် ပြတ်သားသောမျဉ်းများဆွဲရန် ခက်ခဲနေပါသည်။

ကိစ္စရပ်များကိုပို၍ဆိုးစေသည်မှာ၊ ခရစ်တော်၌သစ္စာရှိယုံကြည်သူများအတွင်း ဓမ္မပညာဆိုင်ရာအခင်းအကျင်းကို စဉ်းစားခြင်းနှင့်သက်ဆိုင်သည်။ စစ်မှန်သောခရစ်ယာန်ဘာသာ အဝန်းအဝိုင်းအတွင်း၌ပင်၊ ခရစ်ယာန်ဓမ္မပညာထက်—အများကိန်း—ခရစ်ယာန်ဓမ္မပညာများကို ပြောရန် ပိုလွယ်ကူသည်။ ခရစ်ယာန်ဘာသာတွင် ကွဲပြားသောပုံစံအမျိုးမျိုးရှိသဖြင့် မည်သည့်ခရစ်ယာန်ဘာသာပုံစံကို စစ်မှန်သည်ဟု လူတိုင်းကျေနပ်မှုရှိစေရေး သတ်မှတ်ရန် မဖြစ်နိုင်ပါ။ စစ်မှန်သောခရစ်ယာန်ဓမ္မပညာတွင် အရှေ့ပိုင်း Orthodox အသင်းတော်များ၏သွန်သင်ချက်များပါဝင်ပါသလား။ ရိုမန်ကက်သလစ် အယူဝါဒများသည် မည်သို့နည်း။ ပရိုတက်စတင့်ယုံကြည်ခြင်း၏ အသန့်စင်ဆုံးပုံစံသည် မည်သို့နည်း_ အင်္ဂလီကန် Anglican မည်သို့နည်း။ နှစ်ခြင်း Baptist မည်သို့နည်း။ လူသာရန် Lutheran မည်သို့နည်း။ မက်သဒစ် Methodist မည်သို့နည်း။ ပရက်စ်ဘီတီရီယန် Presbyterian မည်သို့နည်း။ အသင်းတော်၏ အစိတ်အပိုင်းအားလုံးနီးပါးသည် ခရစ်ယာန်ဘာသာအသင်းအဖွဲ့ခွဲအသီးသီး၏သန့်ရှင်းစင်ကြယ်မှုကို မိမိတို့၏ကိုယ်ပိုင်နည်းလမ်းများဖြင့် အကဲဖြတ်ကြသည်။ အသင်းအဖွဲ့ခွဲအားလုံးနီးပါးသည် မိမိတို့၏ဓမ္မပညာသည်သာ အားလုံး၏ဓမ္မပညာထက် အသန့်စင်ဆုံးဖြစ်သည်ဟု ယုံကြည်ကြသည်။ ဤခရစ်ယာန်အချင်းချင်းကြားအတွင်းပိုင်း သဘောထားကွဲလွဲမှုများနှင့်ပတ်သက်၍ ကျွန်ုပ်တို့စဉ်းစားသောအခါ၊ “ခရစ်ယာန်ဓမ္မပညာ” ကို တိတိကျကျသတ်မှတ်ရန် ပို၍ခက်ခဲလာသည်။

ထိုအရာကို ဤပုံစံ စဉ်းစားကြည့်ပါ။ ခရစ်ယာန်ဘာသာဝင်များအဖြစ်သတ်မှတ်နိုင်ရန် လူတို့ယုံကြည်ရမည့် အယူဝါဒအားလုံးကို ရေးသားခြင်းအားဖြင့်၊ ခရစ်ယာန်ဓမ္မပညာကို ကမ္ဘာပေါ်ရှိ အခြားသောဓမ္မပညာဆိုင်ရာစနစ်အားလုံးနှင့် သင့်အားခွဲခြားခိုင်းပါက မည်သို့နည်း။ သင်ပြောနိုင်သည်မှာ_ ယေရှုသည် သခင်ဖြစ်တော်မူ၏။ ယေရှုသည် ကယ်တင်ရှင်ဖြစ်တော်မူ၏။ ယေရှုသည် ကယ်တင်ခြင်း၏ တစ်ခုတည်းသောလမ်း၊ ယေရှုသည် ကျွန်ုပ်တို့၏အပြစ်အတွက် အသေခံတော်မူသည်၊ ယေရှုသည် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည်။ ဘုရားသခင်သည် သုံးပါးတစ်ဆူဖြစ်သည်။ သခင်ယေရှုသည် လုံးဝဘုရားသခင်အပြည့်အဝဖြစ်ပြီး လူသားအပြည့်အဝလည်းဖြစ်သည်။ လူအပေါင်းတို့သည် အပြစ်သားများဖြစ်ကြသည်။ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းအားဖြင့်သာ ဖြစ်သည်။ ခရစ်ယာန်များသည် သန့်ရှင်းရမည်။ သမ္မာကျမ်းစာသည် မှားယွင်းမှုကင်းသော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။ ဤသဘောတရားများအားလုံးကို လေ့လာကြည့်သောအခါ၊ လူတစ်ဦးသည် ၎င်းတို့အားလုံးကိုနားလည်ရန်ပင် ပညာအလွန်တတ်ပြီး အသိဉာဏ်ရှိရန်လိုအပ်သည်။ ၎င်းတို့အားလုံးကို ယုံကြည်လက်ခံသူနည်းကြောင်း အတော်အတန်ရှင်းလင်းလာပါသည်။

ယခု ကျွန်ုပ်တို့စာရင်းပြုစုဖော်ပြထားသော အယူဝါဒများသည် အရေးကြီးသော ခရစ်ယာန်သွန်သင်ချက်များဖြစ်သည်။ သို့သော် လူတစ်ဦးသည် ဤအယူဝါဒအချို့ကို မကြားရခြင်း၊ ၎င်းတို့အားလုံးကို နားလည်ခြင်း သို့မဟုတ် ယုံကြည်ခြင်း အလွန်နည်းပါးသော်လည်း၊ စစ်မှန်သော ခရစ်ယာန်ယုံကြည်မှုနှင့် ခရစ်ယာန်ဓမ္မပညာရှိနိုင်ကြောင်းကို သက်သေပြသင့်သည်။ ထိုသို့ဆိုလျှင် ခရစ်ယာန်ယုံကြည်ခြင်းအတွက် မည်သည့်အယူဝါဒများသည် မရှိမဖြစ်လိုအပ်သနည်း။ ခရစ်ယာန်ဓမ္မပညာ၏ မရှိမဖြစ်အခြေခံ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည် အဘယ်နည်း။ အမှန်တကယ်တွင်၊ ထိုမျဉ်းကို မည်သည့်နေရာတွင် အတိအကျဆွဲရမည်ကို ဘုရားသခင်သာလျှင် သိပါသည်။

ဤင်းတို့သည် ခရစ်ယာန်ဓမ္မပညာကို အဓိပ္ပာယ်ဖွင့်ဆိုရန် ကြိုးစားရာတွင် ရင်ဆိုင်ရသည့် ပြဿနာအမျိုးအစားများဖြစ်သည်။ အခြားဘာသာတရားအချို့နှင့် စပ်လျဉ်း၍ မိမိကိုယ်ကို ခွဲခြားရန် မခက်ခဲသော်လည်း၊ ဓမ္မပညာတစ်ခုအတွက် စစ်မှန်သောခရစ်ယာန်ဓမ္မပညာဖြစ်ရန် မည်သည့်အရာများ မရှိမဖြစ်လိုအပ်သည်ကို အတိအကျသိရန်မှာ အလွန်ခက်ခဲပါသည်။

ခရစ်ယာန်ဓမ္မပညာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်ပတ်သက်၍ ဤပြဿနာများနှင့် အခြားပြဿနာများသည် ဤသင်ခန်းစာများတွင် ကျွန်ုပ်တို့၏ဆွေးနွေးချက်များကို လမ်းညွှန်ပေးမည့် လက်တွေ့ကျသောအဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုကို အဆိုပြုရန် ပို့ဆောင်ပေးပါသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် မေးခွန်းတိုင်းကို အဖြေပေးမည်မဟုတ်သော်လည်း၊ သိသာထင်ရှားပြီး အထောက်အကူဖြစ်စေသောအတိုင်းအတာတစ်ခုအထိ ထောက်ပံ့ပေးပါလိမ့်မည်။ ၎င်းသည် ပြီးပြည့်စုံသော အဓိပ္ပါယ်ဖွင့်ဆိုချက်မဟုတ်သော်လည်း ကျွန်ုပ်တို့ဆက်လက်လုပ်ဆောင်ရာတွင် အသုံးပြုရန် လုံလောက်မည်ဖြစ်သည်။

# လက်တွေ့ကျသောအဓိပ္ပါယ်ဖွင့်ဆိုချက်

ဤသင်ခန်းစာများတွင်၊ ခရစ်ယာန်ဓမ္မပညာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အား တမန်တော်များ၏အယူဝါဒ ဟုခေါ်သော ခရစ်ယာန်ယုံကြည်ခြင်း၏လူသိများသော ရှေးအသုံးအနှုန်းသို့ ဦးတည်သွားပါမည်။ ဤအယူဝါဒသည် အဓိကအားဖြင့်အေဒီ ၂၀၀ ခန့်တွင် ယခုပုံစံတည်ရှိခဲ့ပြီး၊ အေဒီ ၇၀၀ ခန့်တွင် ၎င်း၏လက်ရှိပုံစံသို့ ရောက်ရှိခဲ့သည်။ ကမ္ဘာတစ်ဝှမ်းမှ ခရစ်ယာန်များသည် ခရစ်ယာန်ယုံကြည်ခြင်း၏အနှစ်ချုပ်အဖြစ် ရာစုနှစ်ချီကြာအောင် ဤအယူဝါဒကိုရွတ်ဆိုခဲ့ကြသည်။

> အနန္တတန်ခိုးရှင် ဘုရားသခင်ကိုယုံကြည်ပါ၏။
> ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူ၏။
> တစ်ပါးတည်းသောသားတော်ယေရှုခရစ်တော်၊ ကျွန်ုပ်တို့သခင်ကိုယုံကြည်ပါ၏။
> သူသည် သန့်ရှင်းသောဝိညာဉ်တော်ဘုရားအားဖြင့်ပဋိသန္ဓေတည်ခဲ့သူ၊
> အပျိုကညာမာရိတွင် မွေးဖွားကာလူ့ဇာတိခံယူခဲ့သူ၊
> မြို့ဝန်မင်းပုန္တိပိလတ်မင်းလက်အောက်တွင် ဝေဒနာခံစားခဲ့ရသူ၊
> ကားတိုင်ထက်တွင်အသေခံကာ မြှုပ်နှံခြင်းကိုခံခဲ့သူ၊
> ငရဲသို့ ဆင်းသက်ခဲ့သူ၊
> သုံးရက်မြောက်သောနေ့တွင် သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်ခဲ့သူ၊
> ကောင်းကင်နိုင်ငံတော်သို့ တက်ကြွသွားကာ၊
> အနန္တတန်ခိုးရှင်ဘုရားသခင်၏လက်ျာတော်ဘက်တွင် ထိုင်နေတော်မူသည်။
> သူသည် အသက်ရှင်သူများနှင့် သေသောသူများကို တရားစီရင်ဖို့ရာ
> ကောင်းကင်မှကြွလာတော်မူလိမ့်မည်။
> သန့်ရှင်းတော်ဝိညာဉ်တော်ဘုရားကို ကျွန်ုပ်ယုံကြည်ပါ၏။

> သန့်ရှင်းသောကက်သလစ်အသင်းတော်၊
> သန့်ရှင်းသူများ၏မိသဟာယ၊
> အပြစ်များကို ခွင့်လွှတ်ခြင်း၊
> ခန္ဓာကိုယ်နှင့်တကွ ရှင်ပြန်ထမြောက်ခြင်း
> ထာဝရအသက်ရှင်ခြင်း ဖြစ်တော်မူ၏။ အာမင်။

ဤကမ္ဘာချီသော ခရစ်ယာန်ယုံကြည်ခြင်း၏ဖော်ပြချက်သည် ခရစ်ယာန်ဘာသာကို အလွန်ရိုးရှင်းပြီး မရှိမဖြစ်လိုအပ်သောနည်းလမ်းများဖြင့် အကျဉ်းချုပ်ဖော်ပြသည်။ ၎င်းသည် ခရစ်ယာန်ဓမ္မပညာ၏အခြေခံအဓိပ္ပါယ်ဖွင့်ဆိုချက်အဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ ဤအယူဝါဒနှင့်ကိုက်ညီသော ဓမ္မပညာအားလုံးကို ခရစ်ယာန်ဓမ္မပညာအဖြစ် မှတ်ယူမည်ဖြစ်သည်။

> ခရစ်ယာန်ဓမ္မပညာကိုအခြေခံသော တမန်တော်များ၏အယူဝါဒကို အခြေခံအဓိပ္ပါယ်ဖွင့်ဆိုချက်အဖြစ်လက်ခံခြင်းသည် အလွန်အရေးကြီးပါသည်။ အကြောင်းမှာ စစ်မှန်သောခရစ်ယာန်ဘာသာကို "ခရစ်ယာန်" ဟုခေါ်သော ဂိုဏ်းဂဏများ၊ ခရစ်ယာန်ဘာသာနှင့်အချို့သောနည်းများဖြင့် ဆင်တူသော အခြားသောဘာသာတရားများနှင့် ခွဲခြားသိမြင်ရန်အရေးကြီး ပါသည်။ သို့သော် တစ်ချိန်တည်း၌ပင်၊ ၎င်းသည် ကျွန်ုပ်တို့ ပြောချင်သကဲ့သို့ မပြတ်သားကြောင်းကိုအမြဲသတိရဖို့ လိုပါသည်။ ဥပမာအားဖြင့်၊ ကျွန်ုပ်ဆိုလိုသည်မှာ၊ ပုန္တိပိလတ်မင်းလက်ထက်တွင် သခင်ယေရှုခံစားခဲ့ရခြင်းသည် ခရစ်ယာန်ယုံကြည်ခြင်းအတွက် အရေးကြီးသည်ဟု လူတိုင်းသည် အမှန်တကယ်ဆိုလိုပါသလား။ ယခုကျွန်ုပ်တို့ပြောလိုသည်မှာ၊ မှန်ပါသည်၊ ယေရှုသည် ဤကမ္ဘာမြေပေါ်တွင် အမှန်တကယ်အသက်ရှင်ခဲ့သည်ကို ယုံကြည်ခြင်းသည် အရေးကြီးပါသည်။ သို့သော်၊ ပုန္တိပိလတ်မင်းကိုယ်တိုင်သည် အသက်မရှင်ခဲ့ပါ။ မဖြစ်နိုင်ပါ။ ထို့ကြောင့်၊ ဤကဲ့သို့သော ငြင်းခုံနိုင်မည့် အသေးစိတ်အချက်များအယူဝါဒ၌ ရှိပါသည်။ ထို့အပြင်၊ ကျွန်ုပ်တို့ထဲမှ အချို့တို့သည် ခရစ်ယာန်ယုံကြည်ခြင်း၏ မရှိမဖြစ်လိုအပ်သော အရာများထဲသို့ အခြားအကြောင်းအရာများကို ထပ်မံဖြည့်စွက်လိုကြသည်။ ဥပမာ၊ တမန်တော်များ၏အယူဝါဒသည် သမ္မာကျမ်းစာအကြောင်း မဖော်ပြထားပါ။ သမ္မာကျမ်းစာ၏ အမှားအယွင်းကင်းခြင်း၊ ကျမ်းစာများ၏ မှားယွင်းမှုမရှိခြင်း၊ သမ္မာကျမ်းစာတစ်ခုတည်း sola Scriptura သို့မဟုတ် ထိုကဲ့သို့သောအရာများကို ဖော်ပြထားခြင်းမရှိပါ…ထို့ကြောင့်၊ တမန်တော်များ၏အယူဝါဒကိုစံနှုန်းအဖြစ် လက်ခံကျင့်သုံးရန် စဉ်းစားသောအခါတွင်၊ orthodox ခရစ်ယာန်ဘာသာသည်မည်သည့်အရာဖြစ်ကြောင်း အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်ပတ်သက်သော ထိုသိမ်မွေ့နက်နဲမှုများကို စိတ်ထဲမှတ်သားထားရမည်ဖြစ်သည်။ သို့သော် တစ်ချိန်တည်းတွင်၊ တမန်တော်များ၏အယူဝါဒသည် ရာစုနှစ်များတစ်လျှောက် ကျွန်ုပ်တို့အားအသင်းတော်ထံသို့ ချိတ်ဆက်ပေးကာ၊ ယနေ့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကမ္ဘာတစ်ဝှမ်းရှိ ခရစ်တော်၏ကိုယ်ခန္ဓာအစစ်အမှန်နှင့် ကျယ်ပြန့်စွာ ချိတ်ဆက်ပေးပါသည်။ ထို့ကြောင့်၊ ၎င်းသည် ခရစ်ယာန်ဘာသာကို အကျဉ်းချုပ်ဖော်ပြပြီး ခရစ်ယာန်ဂိုဏ်းဂဏများနှင့် အခြားဘာသာများတို့ကို ခွဲခြားသိမြင်ရန် အထောက်အကူဖြစ်စေသော နည်းလမ်းတစ်ခုဖြစ်သည်။

**ဒေါက်တာ Richard L. Pratt, Jr.**

ခရစ်ယာန်ယုံကြည်ခြင်းကို နားလည်ရန်အတွက် တမန်တော်များ၏အယူဝါဒသည် အဓိကအချက်ဖြစ်သည်။ ၎င်းသည် ခရစ်ယာန်ဖြစ်ရခြင်းအကြောင်း၏ အဓိကယုံကြည်ချက်များကို ထင်ရှားစေသည်။ ထိုအချက်ကို ထုတ်ပြန်ချက်များတွင် လိုရင်းအချုပ်ဖော်ပြထားသည်ကိုသင်တွေ့မြင်ရသည်။ ၎င်းသည်၊ နည်းအမျိုးမျိုးဖြင့်၊ ကျွန်ုပ်ရည်ညွှန်းမည့်အရာအား ရှေးရိုးစွဲဝါဒ orthodoxy ၏ အဝန်းအဝိုင်းကို သတ်မှတ်ထားသည်။ ခမည်းတော်နှင့်သားတော် အချင်းချင်း မည်သို့ဆက်စပ်ပုံ၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့ မည်သို့ဆက်ဆံပုံ၊ ဘုရားသခင်သည် ဖန်ဆင်းခြင်းနှင့် မည်သို့ဆက်စပ်ပုံအကြောင်းတို့ကို ဖော်ပြထားသည်။ ထိုအချက်သုံးချက်သည် ယခုဘဝ၊ ကယ်တင်ခြင်း၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးကို နားလည်ရန် အဓိကအချက်ဖြစ်သည်…ထို့ပြင် တမန်တော်များ၏အယူဝါဒသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့နားလည်ထားသကဲ့သို့ ထိုဆက်ဆံရေးတစ်ခုချင်းစီအား မည်သို့ယူဆသင့်သည်နှင့်ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ကူညီပေးသည်။

**ဒေါက်တာ Scott Manor**

ဥပမာ၊ အယူဝါဒသည် ဖန်ဆင်းခြင်းအကြောင်းကို ဖော်ပြသည်။ သုံးပါးတစ်ဆူ၏ ပုဂ္ဂိုလ်သုံးပါးလုံး_ ခမည်းတော်၊ သူ၏တစ်ပါးတည်းသောသားတော်ယေရှုခရစ်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့ကို ဖော်ပြသည်။ ၎င်းသည် လူ့ဇာတိခံယူခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ယေရှု၏ တက်ကြွခြင်းကို ရည်ညွှန်းသည်။ အပြစ်ခွင့်လွှတ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ နောက်ဆုံးတရားစီရင်ခြင်းနှင့် ထာဝရအသက်မျှော်လင့်ချက်တို့အကြောင်းလည်း ဖော်ပြထားသည်။ ၎င်းသည် ဤမျှလောက်ခိုင်ခံ့ပြီး ကျယ်ပြန့်သောအခြေခံအုတ်မြစ်ကို ပံ့ပိုးပေးသောကြောင့်၊ ခရစ်ယာန်ဓမ္မပညာ၏ လက်တွေ့ကျသော အဓိပ္ပါယ်ဖွင့်ဆိုချက်အဖြစ် တမန်တော်များ၏အယူဝါဒကို ကျွန်ုပ်တို့အသုံးပြုပါမည်။ ဤနေရာတွင် ဖော်ပြထားသည်ထက်သာ၍ အယူဝါဒများအကြောင်း ပြောမည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်မူ၊ ဓမ္မပညာတစ်ခုသည် ဤအယူဝါဒနှင့်ကိုက်ညီပါက ခရစ်ယာန်ဓမ္မပညာဖြစ်ကြောင်း ကျွန်ုပ်တို့ ကျေနပ်နိုင်ပါသည်။

ခရစ်ယာန်ဓမ္မပညာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များဆိုင်ရာ ပြဿနာများကို ကျော်လွှားနိုင်ရန်၊ တမန်တော်များ၏အယူဝါဒကျမ်းကို လက်တွေ့ကျသောအဓိပ္ပါယ်ဖွင့်ဆိုချက်အဖြစ် အသုံးပြုထားသည်။

ထိုသို့လုပ်ဆောင်ခြင်းဖြင့် ခရစ်ယာန်ယုံကြည်ခြင်း၏ ဓမ္မပညာအတွင်း စည်းလုံးညီညွတ်မှုနှင့် မတူကွဲပြားမှု နှစ်မျိုးလုံးရှိကြောင်း ချက်ချင်းပေါ်လွင်ထင်ရှားလာသည်။

# စည်းလုံးညီညွတ်မှုနှင့် မတူကွဲပြားမှု

ကျောင်းသားများသည် ဓမ္မပညာကို စတင်လေ့လာသောအခါတွင်၊ "ခရစ်ယာန်ဓမ္မပညာ" ကို တစ်ခုတည်းသော အရာတစ်ခုအဖြစ် ယုံကြည်စိတ်ချစွာ ပြောဆိုလေ့ရှိကြသည်။ သို့သော်၊ သူတို့သည် ကွဲပြားသောရှုထောင့်များစွာကို ပိုမိုသိရှိနားလည်လာသည်နှင့်အမျှ၊ ဓမ္မပညာရှင်များသည် ထောင်စုနှစ်တစ်လျှောက်လုံးတွင် စွဲကိုင်ထားခဲ့သော အများကိန်းအရ—"ခရစ်ယာန်ဓမ္မပညာများ"ကို ပြောဆိုသင့်မသင့် စဉ်းစားလာကြသည်။ အစောပိုင်းတွင် ကျွန်ုပ်တို့ဖော်ပြခဲ့သည့်အတိုင်း၊ စစ်မှန်သောခရစ်ယာန်ဘာသာအတွင်း၌ပင် သစ္စာရှိယုံကြည်သူများကြား ကွဲပြားသောအမြင်များစွာရှိသည်။ ထိုသို့ဆိုလျှင် မည်သည့်တစ်ခုနည်း။ ခရစ်ယာန်ဓမ္မပညာ သို့မဟုတ် ဓမ္မပညာများလော။ ပေါင်းစည်းထားသော ခရစ်ယာန်ဓမ္မပညာတစ်ခု ရှိပါသလား။ သို့မဟုတ် ကွဲပြားသောခရစ်ယာန်ဓမ္မပညာအများ ရှိသလား။ နောက်ဆုံးတွင် အဖြေသည် နှစ်ခုစလုံးမှန်ကန်ကြောင်း ဖြစ်သည်။

ခရစ်ယာန်ဘာသာဝင်များအကြား တူညီသောယုံကြည်ချက်များ၊ အလေ့အကျင့်များနှင့် ခံစားချက်များစွာရှိသောကြောင့် တစ်ခုတည်းသော၊ စုစည်းထားသော ခရစ်ယာန်ဓမ္မပညာကို ကျွန်ုပ်တို့ပြောဆိုနိုင်ပါသည်။ သို့သော် တစ်ခုနှင့်တစ်ခု ကွဲပြားသည့် ခရစ်ယာန်ဓမ္မပညာများစွာကို ပြောရန်လည်း အဆင်သင့်ဖြစ်ရမည်။ ခရစ်ယာန်များကြား ဓမ္မပညာဆိုင်ရာစည်းလုံးမှုကို ဦးစွာသုံးသပ်ကြည့်ကြပါစို့။

## ပေါင်းစည်းထားသော ဓမ္မပညာ

တည်ရှိနေသော မတူညီသောအသင်းတော်များနှင့် ဂိုဏ်းဂဏအားလုံးကို သုံးသပ်ကြည့်သောအခါ၊ ခရစ်ယာန်များအကြား ဓမ္မပညာဆိုင်ရာစည်းလုံးညီညွတ်မှုကို အဓိပ္ပါယ်ရှိရှိပြောဆိုရန် ခက်ခဲပုံရသည်။ မယုံကြည်သူများ ဤသို့ပြောသည်ကို သင်ဘယ်နှစ်ကြိမ်ကြားဖူးပါသလဲ၊ "သင်တို့ ခရစ်ယာန်များသည် မိမိယုံကြည်သောအရာကိုပင် သဘောတူနိုင်သည်မဟုတ်။ ကျွန်ုပ်ကို ခရစ်ယာန်တစ်ယောက်ဖြစ်လာရန် အဘယ်အတွက်ကြောင့်မျှော်လင့်သနည်း။" တခါတရံ ခရစ်တော်၏နောက်လိုက်များသည် မည်သည့်အရာကိုမျှ သဘောမတူနိုင်ကြသည်ကို ဝန်ခံရမည်ဖြစ်သည်။ သို့သော် သဘောထားကွဲလွဲမှုသည် တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ပါသည်။

တမန်တော်များ၏အယူဝါဒတွင် ဖော်ပြသည်အတိုင်း၊ ကမ္ဘာတစ်ဝှမ်းရှိ စစ်မှန်သောခရစ်ယာန်များသည် "သန့်ရှင်းသောကက်သလစ်အသင်းတော်" တစ်ခုတည်းကို ပုံစံပြုကြသည်။ ကျွန်ုပ်တို့၏ ကွဲပြားမှုများရှိနေသော်လည်း၊ ခရစ်ယာန်များသည် ဂိုဏ်းဂဏများ၊ အခြားကမ္ဘာ့ဘာသာတရားများနှင့် ကွဲပြားခြားနားသည့် အခြေခံယုံကြည်ချက်များစွာကို သဘောတူကြသောကြောင့် ခရစ်တော်၏ကိုယ်ခန္ဓာသည် ဓမ္မပညာဆိုင်ရာအရ ညီညွတ်ပါသည်။ ဤသင်ခန်းစာများတွင် ခရစ်ယာန်ဓမ္မပညာကို ကျွန်ုပ်တို့လေ့လာသည့်အခါ၊ ခရစ်ယာန်များအားလုံး အတူတကွပူးပေါင်းပါဝင်သည့် ယုံကြည်ခြင်း၏စည်းလုံး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ညီညွတ်မှုကို အသိအမှတ်ပြုရန် လိုအပ်ပါသည်။ တမန်တော်ပေါလုသည် ဧဖက် ၄း၄-၅ တွင် ဤနည်းဖြင့် အသင်းတော်၏စည်းလုံးညီညွတ်မှုကို မိန့်ဆိုခဲ့သည်_

> သင်တို့ကို ခေါ်တော်မူခြင်းနှင့်စပ်ဆိုင်သော မြော်လင့်ခြင်းတပါးထဲသို့ ခေါ်သွင်းတော်မူသည်နှင့်အညီ၊ ကိုယ်တကိုယ်၊ ဝိညာဉ်တဝိညာဉ်တည်းရှိ၏။ သခင်တပါး၊ ယုံကြည်ခြင်းတပါး၊ ဗတ္တိဇံတပါး (ဧဖက် ၄း၄-၅)။

အမှန်တွင်၊ အသင်းတော်၏အယူဝါဒဆိုင်ရာစည်းလုံးမှုသည် ခရစ်ယာန်အားလုံးရှိရမည့်ပန်းတိုင်ဖြစ်သင့်သည်။ ရှင်ယောဟန် ၁၇:၂၂-၂၃ တွင် ဤအရာအတွက် ယေရှုကိုယ်တိုင် ဆုတောင်းခဲ့သည်_

> ငါတို့သည် တလုံးတဝတည်းဖြစ်သကဲ့သို့၊ အကျွန်ုပ်သည်သူတို့၌ရှိ၍၊ ကိုယ်တော်သည်လည်း၊ အကျွန်ုပ်၌ ရှိတော်မူသောအားဖြင့် သူတို့သည်တလုံးတဝတည်းဖြစ်၍၊ တလုံး တဝတည်း၌ စုံလင်စေခြင်းငှါ၎င်း၊ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကို ချစ် တော်မူသကဲ့သို့ သူတို့ကိုလည်း ချစ်တော်မူကြောင်းကို လောကီသားတို့သည် သိစေခြင်းငှါ၎င်း၊ (ရှင်ယောဟန် ၁၇:၂၂-၂၃)။

အသင်းတော်အား ပိုနီးကပ်စွာကြည့်သောအခါ၊ ခရစ်ယာန်များသည် အချင်းချင်း ဓမ္မပညာဆိုင်ရာစည်းလုံးညီညွတ်မှု အတိုင်းအတာအမျိုးမျိုးရှိကြသည်ကို တွေ့ရသည်။ အကျယ်ပြန့်ဆုံးသဘော၌၊ ကျွန်ုပ်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်အရ၊ ခရစ်ယာန်အားလုံးသည် တမန်တော်များ၏အယူဝါဒတွင် ဖော်ပြထားသော သဘောတရားများကို ၎င်းတို့၏ယုံကြည်ခြင်းအားဖြင့် ဓမ္မပညာဆိုင်ရာအရ ပေါင်းစည်းကြသည်။ ဤအခြေခံစည်းလုံးမှုသည် အယူဝါဒကိုအတည်ပြုသူတိုင်းအတွက် လေးစားမှု၊ စိတ်ရှည်မှုနှင့် မေတ္တာပြရန် ကျွန်ုပ်တို့ကို တောင်းဆိုထားသည်။ အကြောင်းမှာ မည်သည့်အသင်းတော်၏အသင်းအဖွဲ့ခွဲကိုကိုယ်စားပြုသည်ဖြစ်စေ အယူဝါဒကိုလက်ခံအတည်ပြုသူတိုင်းသည် ယုံကြည်သူချင်းဖြစ်သောကြောင့်ဖြစ်သည်။ ဧဖက် ၄:၁၅ တွင် ဖော်ပြသည့်အတိုင်း ဤပတ်ဝန်းကျင်တွင် ချစ်ခြင်းမေတ္တာဖြင့် သမ္မာတရားကိုပြောဆိုတတ်ရန် သင်ယူရမည်ဖြစ်သည်။

ထို့အပြင်၊ အယူဝါဒတွင်ဖော်ပြထားသော ယုံကြည်ချက်များထက်သာ၍ ခရစ်ယာန်များကြားတွင် ဓမ္မပညာဆိုင်ရာစည်းလုံးမှုတိုးလာသည်။ ဥပမာ၊ Orthodox, ကက်သလစ်နှင့် ပရိုတက်စတင့်များသည် သုံးပါးတစ်ဆူနှင့် ခရစ်တော်၏ ဘုရားဖြစ်ခြင်းကဲ့သို့သော ယုံကြည်ချက်များကိုတူညီစွာ စွဲကိုင်ထားကြသည်။ သို့သော် မိမိတို့၏အမွေအနှစ်အဖြစ် ဆက်တည်ရှိနေသည့် ပရိုတက်စတင့် ဂိုဏ်းဂဏများအချင်းချင်းသည် ပရိုတက်စတင့်မဟုတ်သော အသင်းတော်များထက် ဓမ္မပညာဆိုင်ရာစည်းလုံးညီညွတ်မှုရှိသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့် တူညီမှုအများဆုံးရှိသူများနှင့် စည်းလုံးညီညွတ်မှုကို ရှာဖွေလေ့ရှိသော်လည်း၊ ကျွန်ုပ်တို့နှင့် တူညီမှုမရှိသောသူများကို ရန်ဘက်များအဖြစ် ဆက်ဆံတတ်သည်၊ ကျွန်ုပ်တို့၏သခင်သည် ကျွန်ုပ်တို့အား စည်းလုံးညီညွတ်မှုရှိရန် တိုက်တွန်းနှိုးဆော်ထားသည်။ ဤအကြောင်းကြောင့်၊ ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိသော ကျယ်ပြောလှသောတူညီသောအခြေခံမှ ခရစ်ယာန်များ

ကြားကွဲပြားမှုများကြောင့် မည်သည့်အခါမှ အာရုံလွဲသွားစေရန် ခွင့်မပြုရပါ။ ခရစ်ယာန်များသည် အယူဝါဒတစ်ခုစီကို သဘောမတူနိုင်သောကြောင့် စိတ်ပျက်အားလျော့ဖြစ်မည့်အစား၊ ယုံကြည်ခြင်း၏ဗဟိုအယူဝါဒများကို အတိုင်းအတာတစ်ခုအထိ သဘောတူကြောင်း အသိအမှတ်ပြုရန် လိုအပ်သည်။ ဤသဘောအရ ခရစ်ယာန်ဓမ္မပညာသည် ပေါင်းစည်းထားသော အမှန်တရားတစ်ခုဖြစ်သည်။ ထို့ထက်မက၊ ခရစ်တော်၏ကိုယ်ခန္ဓာအတွင်း အမြဲတိုးပွားနေသော ဓမ္မပညာဆိုင်ရာစည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးရန်သည် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ တမန်တော်ပေါလုသည် ဧဖက် ၄း၁၃-၁၆ တွင်ဖော်ပြထားသကဲ့သို့–

> ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍…ငါတို့သည်နောက်တဖန် ခပ်သိမ်းသောဩဝါဒ လေတိုက်၍ဖရိုဖရဲလွင့်သွားသော သူငယ် မဖြစ်ဘဲလျက်၊…မေတ္တာစိတ်နှင့်သမ္မာတရားကို ဟောပြောသဖြင့်၊ ဦးခေါင်းတည်းဟူသောခရစ်တော်မှာ အရာရာတို့၌ ကြီးပွားကြမည် အကြောင်းတည်း။ ထိုဦးခေါင်းမှ၊ အဆစ်အပိုင်းများတို့သည် အားဖြည့်သဖြင့်၊ တကိုယ်လုံးသည် စေ့စပ်ထုံးဖွဲ့လျက်၊ အသီးအသီးအင်္ဂါများ ကိုယ်ငန်းကိုယ်တာအတိုင်း ပြုပြင်သည်နှင့်အညီ၊ မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက် ခြင်းငှါ ကြီးပွားစေတတ်၏ (ဧဖက် ၄း၁၃-၁၆)။

ကိုယ်တော်၏အသင်းတော်အတွက် ဘုရားသခင်အလိုတော်နှင့် ကျွန်ုပ်တို့လိုက်လျှောက်ရန် သတ်မှတ်ထားသောပန်းတိုင်သည် ဓမ္မပညာဆိုင်ရာကွဲပြားခြင်းမဟုတ်ဘဲ၊ သမ္မာကျမ်းစာ၏သွန်သင်ချက်များအရ ဓမ္မပညာစည်းလုံးမှုကို တိုးပွားစေခြင်း ဖြစ်သည်။

> စိတ်ဝင်စားစရာဖြစ်သည်။ ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့အတွက် စိန်ခေါ်မှုများထဲမှတစ်ခုမှာ ယေရှု၏ဆုတောင်းချက်ကို အလေးအနက်ထားရန်ဖြစ်သည်။ ကိုယ်တော်ဆုတောင်းသည်မှာ "အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည် လည်း ကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌ တလုံးတဝတည်းဖြစ်စေခြင်းငှါ ဆုတောင်းပါ၏ " ထို့အပြင် တစ်ဖက်တွင်မူ၊ "အမှန်တကယ်အရေးကြီးသည်မှာ သမ္မာတရားဖြစ်ပြီး စည်းလုံးညီညွတ်မှုမဟုတ်" ဟု ပြောနိုင်သောကြောင့် တင်းမာမှုတစ်ခုရှိပါတယ်။ ထိုသို့လုပ်ဆောင်သောအခါ၊ မိမိတို့သဘောမတူသော အခြားခရစ်ယာန်များအား ဂရုမစိုက်ကြ။ စည်းလုံးညီညွတ်ရေးတောင်းဆိုမှုသည် သူတို့နှင့် သူတို့၏အသင်းတော်များအပေါ် ချုပ်ကိုင်ထားခြင်းမရှိပါ။ သို့သော် ကျွန်ုပ်တို့သည် ယေရှုကိုအလေးအနက်ထားပြီး ကိုယ်တော်၏စိတ်နှလုံးနှင့် သူ၏ဆုတောင်းချက်ကို အလေးအနက်ခံယူပါက၊ ကျွန်ုပ်တို့အတွက် ထိုအရာသည်ရွေးချယ်စရာမဟုတ်ပါ။ စည်းလုံးညီညွတ်မှုသည် အမှန်တကယ်ပင် အရေးကြီးပါသည်… ထို့ပြင် ကျွန်တော်တို့ ရင်ဆိုင်ရမည့်အရာများထဲမှတစ်ခုမှာ တစ်ဦးကိုတစ်ဦးအချင်းချင်း မည်သို့တန်ဖိုးထားကြ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မည်နည်း။ တူညီခြင်းမရှိဘဲ စည်းလုံးညီညွတ်မှုကို မည်သို့ပြသမည်နည်း။ ကျွန်ုပ်တို့ ရှန်းကန်နေရသည့်အရာများထဲမှတစ်ခုသည် စည်းလုံးညီညွတ်မှုနှင့် တူညီမှု ရောထွေးနေသည်ဟု ထင်ပါသည်။ စည်းလုံးခြင်းသည် တူညီခြင်းနှင့် တူညီသည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် သဘောထားကွဲလွဲမှုများ၊ အကြောင်းအရာများနှင့်စပ်လျဉ်း၍ မတူညီသော ရှုထောင့်များရှိသည့်တိုင် စည်းလုံးညီညွတ်နိုင်ပါသည်။ ထိုစည်းလုံးမှုကို ကူညီပေးနိုင်သည့်အရာတစ်ခုမှာ "ခင်ဗျားတို့သိတယ်မဟုတ်လား၊ တခြားထုံးတမ်းစဉ်လာတွေက ညီအစ်ကို မောင်နှမများဟာ ကျွန်ုပ်တို့လက်လွတ်သွားသောအရာများကို ရှာဖွေရန် အမှန်တကယ်ကူညီပေးနိုင်သည်"ဟူ၍ဖြစ်သည်။...ထို့ကြောင့်၊ ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်မှုကို ရှာဖွေနိုင်ပြီး၊ ကွဲပြားမှုကို ခွင့်ပြုကာ ၎င်းအလယ်တွင် သစ္စာရှိရန် ကြိုးစားနိုင်သည်။
>
> **ဒေါက်တာ Kelly M. Kapic**

ခရစ်ယာန်များသည် အတိုင်းအတာအမျိုးမျိုးတွင် ပေါင်းစည်းနေသော်လည်း ကျွန်ုပ်တို့ကြားတွင် ကွဲပြားမှုပမာဏများကို အသိအမှတ်ပြုလက်ခံရန်လည်း အရေးကြီးပါသည်။ ဤသဘောအရ၊ ကျွန်ုပ်တို့သည် ခရစ်ယာန်ဓမ္မပညာတစ်ခုတည်းထက် ခရစ်ယာန်ဓမ္မပညာများစွာကို မှန်ကန်စွာပြောဆိုကြသည်။

## များစွာသော ဓမ္မပညာများ

ပရိုတက်စတင့်များသည် မိမိတို့အသင်းတော်မဟုတ်သည့် အခြားအသင်းတော်များနှင့် မိတ်သဟာယပြုပေါင်းသင်းဆက်ဆံမှုတိုးချဲ့သောအခါ၊ ကွဲပြားခြားနားမှုတိုးများလာကြောင်း အလွယ်တကူ သိနိုင်ကြသည်။ မတူညီသော ဂိုဏ်းဂဏများအချင်းချင်း တွေ့ဆုံရသောအခါတွင် မတူကွဲပြားမှုများကို အမြဲလိုလို ရင်ဆိုင်နေကြရသည်။ ဥပမာအားဖြင့်၊ အရှေ့ပိုင်း Orthodox နှင့် အနောက်တိုင်းအသင်းတော်များ ပေါင်းစည်းသောအခါတွင် ကွဲပြားမှုများသည် အလွန်ကြီးမားနက်နဲသည်။

ယခု ကျွန်ုပ်တို့သည် အသင်းတော်အတွင်း ကွဲပြားမှုများကို ရင်ဆိုင်နေရသည်နှင့်အမျှ၊ အရေးကြီးလေးနက်သောမေးခွန်းတစ်ခုကို မေးရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကြား၌ အဘယ်ကြောင့် ကွဲပြားခြားနားမှုများ ရှိနေသနည်း။ ကျွန်ုပ်တို့အားလုံးတွင် တူညီသောဝိညာဉ်တော်ရှိသည်။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို ယုံကြည်ကြသည်။ ကျွန်ုပ်တို့အားလုံးတွင် တူညီသော အဓိကယုံကြည်ချက်များစွာရှိသည်။ ထို့ကြောင့် ခရစ်ယာန်များကြား ကွဲပြားခြားနားမှုကို မည်သည့်အရာသည် ဖြစ်ပေါ်စေသနည်း။ ဤပြဿနာကိုဖြေရှင်းရာတွင်၊ ခရစ်ယာန်ဓမ္မပညာများအကြား အနည်းဆုံးကွဲပြားမှုနှစ်မျိုးကို ခွဲခြားသိမြင်နိုင်သည်။

ပထမအချက်၊ ကျွန်ုပ်တို့သည် ဓမ္မပညာဆိုင်ရာသမ္မာတရားတိုင်းကို တူညီသောစွမ်းအားဖြင့် ကိုယ်စားမပြုနိုင်သောကြောင့် ကွဲပြားမှုများရှိနေသည်။ ကျွန်ုပ်တို့သည် လူသားများအနေဖြင့်ရင်ဆိုင်

ရသော ကန့်သတ်ချက်များသည် ခရစ်ယာန်ယုံကြည်ခြင်း၏ အခြားအရာများထက် အချို့သောကဏ္ဍများကိုသာရွေးချယ်ပြီးအလေးပေးလုပ်ဆောင်ရန် မလွဲမရှောင်သာဖြစ်စေပါသည်။

**ကန့်သတ်ချက်များ** ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏ရှုထောင့်အားလုံးကို တစ်ချိန်တည်းတွင် တူညီသောအာရုံစိုက်မှုမပေးနိုင်ပါ။ ဓမ္မပညာရှင်များနှင့် ဓမ္မပညာအပေါ် ဤကန့်သတ်ချက်သည် ခရစ်ယာန်များအကြား အယူဝါဒကွဲပြားမှုကို မကြာခဏဖော်ပြသည်။ ရွေးချယ်မှုနှင့် အလေးပေးမှုတို့မှ ဖြစ်လာသော ဤကွဲပြားခြားနားမှုမျိုးသည် အကျိုးပြုမှုရှိပြီး ဘုရားသခင်နှစ်သက်ထောက်ခံသည်။ ကျမ်းစာရေးသားသူများသည်ပင်လျှင် ၎င်းတို့ရေးသားမှုနှင့် အလေးပေးဖော်ပြချက်တွင် ကွဲပြားကြသောကြောင့် ဘုရားသခင်သည် ကွဲပြားခြင်းအားနှစ်သက်သည်ကို သိနိုင်သည်။

ဥပမာ၊ ဘုရားသခင်သည် မဿဲ၊ မာကု၊ လုကာနှင့် ယောဟန်တို့ကို ယေရှု၏အသက်တာနှင့်ပတ်သက်သော သမ္မာတရား၏ မတူညီသောရှုထောင့်များကို အာရုံစိုက်စေသောကြောင့် ကျွန်ုပ်တို့တွင် မတူညီသောခရစ်ဝင်ကျမ်းလေးခုရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ မှားယွင်းမှုမရှိသောမှုတ်သွင်းမှုအောက်တွင် ခရစ်ယာန်များသည် ၎င်းတို့၏အလေးပေးမှုတွင် ကွဲပြားခြားနားသောကြောင့်ဖြစ်သည်။ ယနေ့ခရစ်ယာန်များအတွက်လည်း အလားတူဖြစ်နေခြင်းကို ကျွန်ုပ်တို့ ပျော်ရွှင်သင့်ပါသည်။ ဘုရားသခင်သည် မတူညီသောပန်းများနှင့် သစ်ပင်အမျိုးမျိုးကို နှစ်သက်သကဲ့သို့၊ တောင်များနှင့် ချိုင့်ဝှမ်းများတွင်ကျေနပ်ပြီး၊ မတူညီသောလူများကို ဖန်ဆင်းခြင်းရခြင်းကိုနှစ်သက်သည်နှင့်အမျှ သူ၏သားသမီးများသည် ၎င်းတို့၏ ဓမ္မပညာများတွင် မတူညီသောနည်းလမ်းများဖြင့် ဖွံ့ဖြိုးတိုးတက်မှုတွေ့မြင်ရသည်ကိုလည်း နှစ်သက်တော်မူသည်။

> ခရစ်တော်၌ ကျွန်ုပ်တို့၏စည်းလုံးညီညွတ်ခြင်းရှိမှုသည် အယူဝါဒကွဲပြားမှုကြောင့် တစ်နည်းနည်းဖြင့် စိန်ခေါ်ခြင်းခံနေရသည်ဟူသောအယူအဆသည် မဟုတ်ဟုထင်ပါသည်။ တစ်နည်းဆိုရသော် ခရစ်တော်အတွင်း၌ ကျယ်ပြန့်ခြင်းနှင့် ကန့်သတ်ချက်ဘောင်များ နှစ်ခုလုံးရှိသည်ဟုထင်သည်_ ခရစ်တော်အားယုံကြည်ခြင်း၌ တူညီသောခံယူချက်များပါဝင်ပြီး၊ နားလည်မှုများ၊ အယူအဆများ၊ သွန်သင်ချက်များသည် ထိုနယ်နိမိတ်မျဉ်းများ၏အပြင်ဘက်တွင်ရှိကြောင်း အသိအမှတ်ပြုခြင်းနှင့်အတူ၊ တစ်နည်းအားဖြင့် ခရစ်တော်သည် ဓမ္မသစ်ကျမ်း၏စာမျက်နှာများတွင် ကျွန်ုပ်တို့အား ထင်ရှားပြခဲ့သည်။ သို့သော် ဓမ္မသစ်ကျမ်း၏ခရစ်တော်သည် ကျဉ်းမြောင်းသည်မဟုတ်ပါ။ ထို့နောက် ခရစ်ယာန်ယုံကြည်ခြင်း၏ဖော်ပြရှင်းလင်းချက်နှင့်ပတ်သက်သော ခြားနားချက်အချို့အတွက် ဤနယ်နိမိတ်များ၊ ဤကန့်သတ်ချက်ဘောင်များအတွင်း နေရာများရှိသည်။…ထို့ကြောင့်၊ အသင်းတော်၏ဂိုဏ်းဂဏကြီးများ သို့မဟုတ် ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများသည် အချို့သောကိစ္စရပ်များတွင် ကွဲပြားခြားနားသော်လည်း ခရစ်တော်နှင့်ပတ်သက်သော အဓိကအခြေခံခံယူချက်ကို ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်သည်။
>
> **ဒေါက်တာ David R. Bauer**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အာဖရိကကျေးလက်ဒေသရှိ ခရစ်ယာန်ဓမ္မပညာသည် နယူးယောက်မြို့ရှိ ခရစ်ယာန်ဓမ္မပညာထက်မတူညီသောသမ္မာတရားကို ရွေးချယ်ပြီး အလေးပေးဖော်ပြရန် ပို၍မျှော်လင့်ထားသင့်သည်။ တောင်အမေရိကမှ ခရစ်ယာန်ဓမ္မပညာသည် ပေကျင်းမြို့ရှိ ခရစ်ယာန်ဓမ္မပညာနှင့် ကွဲပြားမည်ဟု ကျွန်ုပ်တို့မျှော်လင့်သင့်သည်။ ဤမတူကွဲပြားမှုသည် သခင်ဘုရားသည် သူ၏ရွေးနှုတ်ထားသောလူများကို ၎င်းတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ ၎င်းတို့၏ကိုယ်ပိုင်လိုအပ်ချက်များကိုတုံ့ပြန်သည့်အနေဖြင့် ၎င်းတို့၏ယုံကြည်ခြင်းဆိုင်ရာ ရှုထောင့်အမျိုးမျိုးကိုဖော်ပြရန် ဦးဆောင်ပေးခြင်းကြောင့်ဖြစ်ပေါ်လာသည်။

ဒုတိယအချက်၊ အခြားသောကွဲပြားမှုပုံစံများသည် အန္တရာယ်ကင်းခြင်းမရှိဘဲ ပိုမိုသတိထားရန်လိုအပ်သည်။ ၎င်းတို့သည် အပြစ်ပြုခြင်းနှင့် အမှားကြောင့်လှုံ့ဆော်ပေးသည့် ကွဲပြားခြားနားချက်များဖြစ်သည်။ အလေးပေးမှု သို့မဟုတ် ရွေးချယ်မှုဆိုင်ရာကိစ္စများမဟုတ်ဘဲ၊ အုပ်စုများ သို့မဟုတ် လူပုဂ္ဂိုလ်များသည် မှားယွင်းသောအယူဝါဒများ၊ အလေ့အကျင့်များနှင့် စိတ်ခံစားချက်လမ်းလွဲသွားသောအခါတွင် အဆိုပါကွဲပြားခြားနားမှုများ ဖြစ်ပေါ်လာပါသည်။

**အပြစ်နှင့် အမှား။** အသင်းတော်တွင် ဤသို့သောကွဲပြားမှုများ ပေါ်ပေါက်လာသောအခါ၊ အနည်းဆုံး လူတစ်ဦး သို့မဟုတ် အုပ်စုတစ်စုသည် မှားယွင်းသည့်အမြင်ကို ခံယူထားကြသည်။ အချို့သောအခြေအနေများတွင် လူတိုင်းသည် အမှားအယွင်းရှိနိုင်ပါသည်။ ဤကိစ္စများတွင်၊ ကျွန်ုပ်တို့သည် မည်သည့်နေရာတွင်အမှားရှိနေကြောင်း ပိုင်းခြားသိမြင်ရန် နှိမ့်ချစွာဖြင့် စိတ်ရင်းမှန်ဖြင့် ရှာဖွေရပါမည်။

> ထို့ကြောင့်၊ သမ္မာကျမ်းစာသည် ဘုရားသခင်၏ အခွင့်အာဏာရှိသည့် နှုတ်ကပတ်တော်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်း၊ ကျွန်ုပ်တို့၏ဘဝ၊ ကိုယ်တော်အပေါ် ကျွန်ုပ်တို့၏ကတိကဝတ်များအား အုပ်စိုးစေသင့်သည့်အရာဖြစ်ကြောင်း ယုံကြည်သောကြောင့်၊ ခရစ်ယာန်များအနေဖြင့် အမှန်တကယ်စိတ်ဝင်စားစရာကောင်းသော ပဟေဠိတစ်ခုရှိပါသည်—အသိုင်းအဝိုင်းတွင် နေထိုင်အသက်ရှင်ပုံ၊ ဧဝံဂေလိတရားအကြောင်း အခြားသူများထံ ကျွန်ုပ်တို့တင်ပြပုံ—သို့သော်လည်း သမ္မာကျမ်းစာသွန်သင်ချက်သည် လူတိုင်းအတွက် အမြဲတမ်းချက်ချင်းရှင်းလင်းမှုမရှိပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ၎င်းသွန်သင်ချက်၏ အခွင့်အာဏာအောက်တွင်လိုက်လျှောက်လိုပြီး၊ ကျွန်ုပ်တို့သည် အမြဲတမ်းမမှန်ကန်နိုင်ကြောင်းနှင့် ၎င်း၏သွန်သင်ချက်သည် အမှန်တကယ် သွန်သင်ချက်ဖြစ်သည်ကို ကျွန်ုပ်တို့ သိပါသည်။ သို့သော် ကျွန်ုပ်တို့သည် တစ်နေရာတွင်မှားယွင်းနေကြောင်းကို သိခဲ့ပါက၊ ၎င်းကိုဆက်၍မစဉ်းစားတော့ဘဲ မှန်ကန်သောအရာကို စတင်ကာ စဉ်းစားနေလိမ့်မည်။ ထို့ကြောင့် ၎င်းသည် ကျွန်ုပ်တို့အတွက် ထိုနေရာတွင်ရှိနေခြင်းနှင့် မတူပါ။ အလွန်အထောက်အကူဖြစ်စေသော အကြံဉာဏ်တစ်ခု သို့မဟုတ် ၎င်းကိုချဉ်းကပ်ရန် အလွန်အထောက်အကူဖြစ်စေသောနည်းလမ်းတစ်ခုမှာ၊ "အတွေးအခေါ်ဆိုင်ရာ နှိမ့်ချမှု" epistemological humility ဟုခေါ်သည့် ထူးခြားဆန်းပြားသောအသုံးအနှုန်းကိုအသုံးပြုခြင်းဖြစ်သည်ဟု ထင်ပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> တွင်ချို့ယွင်းချက်များ၊ ကျရှုံးမှုများအတွက် အသိတရားတစ်ခုရှိတယ်။ သမ္မာကျမ်းစာတွင် ဖော်ပြသည့်အတိုင်းနေထိုင်ခြင်းဟူသည်မှာ ကျွန်ုပ်မှားနိုင်သည်၊ ဤအရာနှင့်ပတ်သက်၍ ကျွန်ုပ်မှားနိုင်သည်ဟု သတိပြုမိခြင်းပင် ဖြစ်သည်။ ထို့ကြောင့်၊ "ဤအရာနှင့်ပတ်သက်၍ ကျွန်ုပ်မှားနိုင်သည်" ဟူ၍ ပြောခြင်းသည်၊ ၎င်းကိုကျွန်ုပ်တို့ကိုယ်တိုင် ကတိကဝတ်ပြုလျက်၊ သမ္မာကျမ်းစာ၏သတင်းစကားကို ကျွန်ုပ်တို့ယုံကြည်သောအခါ၊ ၎င်းကိုကျွန်ုပ်တို့အပေါ်၌ အခွင့်အာဏာတစ်ခုဖြစ်စေပါသည်။ သို့သော် "ဤအရာနှင့်ပတ်သက်၍ ကျွန်ုပ်မှားနိုင်သည်" ဆိုခြင်းသည် ကျွန်ုပ်တို့ကို လေ့လာသင်ယူနိုင်စေရန် လှုံ့ဆော်ပေးသင့်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့နှင့်သဘောမတူသော အခြားသူများ၏စကားကို နားထောင်ဖို့ရန်လည်း လှုံ့ဆော်ပေးသင့်သည်။ "ကျမ်းစာမှာ ဒီလိုပြောတာမဟုတ်ဘူး" ဟုဆိုကာ ကြောက်လှန့် ဒေါသထွက်နေမည့်အစား၊ ၎င်းသည် ကျွန်ုပ်တို့ကို စိတ်ဝင်စားစေပြီး အခြားအမြင်ဖွယ်ဖွင့်ဆိုချက်များကို နားထောင်ဖို့ရန် အရေးကြီးကြောင်းခံစားချက်ကို ခံစားရစေနိုင်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့မှားနိုင်သည်ကို ကျွန်ုပ်တို့နားလည်ကြပြီး၊ ထိုသူတို့မှားလျှင်လည်း အချင်းချင်းနားထောင်ခြင်းဖြင့် ကျွန်ုပ်တို့သည် မှန်ကန်သည့်အရာနှင့် အနည်းငယ် ပိုနီးစပ်လာနိုင်ပါသည်။

**ဒေါက်တာ Tim Sansbury**

အမှားကို ပိုင်းခြားသိမြင်ရန်၊ တစ်ဖက်တွင်၊ မိမိကိုယ်ကို ဝေဖန်ပိုင်းခြားရန်လိုအပ်ပြီး၊ ကျွန်ုပ်တို့၏ဓမ္မပညာထဲသို့ ဝင်ရောက်လာသော မှားယွင်းသောယုံကြည်ချက်များကို စွန့်ပယ်ရန် အသင့်ရှိနေရန်လိုအပ်ပါသည်။ အခြားတစ်ဖက်တွင်မူ၊ ကျွန်ုပ်တို့သည် အခြားယုံကြည်သူများအား ၎င်းတို့၏နားလည်မှုတိုးတက်လာစေရေး ကူညီပေးရန်လည်း အသင့်ဖြစ်ရန် လိုအပ်ပါသည်။ တခါတရံတွင် ဤအရာသည် အတော်အတန်လွယ်ကူမည်ဖြစ်သော်လည်း အခြားအချိန်များတွင်မူ ဤလုပ်ငန်းစဉ်သည် အလွန်ခက်ခဲပါလိမ့်မည်။ ဤအရာကို ကျွန်ုပ်တို့ သေချာသိနိုင်ပါသည်_ ခရစ်တော် ဘုန်းအသရေနှင့်ကြွလာတော်မမူမီတိုင်အောင် ကျွန်ုပ်တို့သည် မိမိကိုယ်တိုင်၏အမှား သို့မဟုတ် အခြားသူများ၏ အမှားများကို မည်သည့်အခါမှ ဖယ်ရှားမည်မဟုတ်ပါ။ ခရစ်တော်၏နောက်လိုက်များအနေဖြင့် သမ္မာကျမ်းစာ၏သွန်သင်ချက်များကို ကြိုးစားစောင့်ထိန်းပြီး၊ အခြားသူများကိုလည်း အလားတူလုပ်ဆောင်နိုင်ရန် ကူညီပေးရန်သည် ကျွန်ုပ်တို့၏တာဝန်ဖြစ်ဆဲပင် ဖြစ်သည်။ ၁ တိမောသေ ၄:၁၆ တွင်ပေါလုရေးသားခဲ့သည်ကိုသတိရပါ။ ရှင်ပေါလုက

> ကိုယ်ကိုင၎်း၊ ကိုယ်ဆုံးမသြဝါဒကိုင၎်း သတိပြု၍ အမြဲတည်နေလော့။ ထိုသို့ပြုလျှင်၊ ကိုယ်ကိုင၎်း၊ နားထောင်သောသူတို့ကိုင၎်းကယ်တင်လိမ့်မည် (၁ တိမောသေ ၄:၁၆)။

> ကျွန်ုပ်တို့၏လုပ်ငန်းနယ်ပယ်တွင်၊ မတူညီသောဂိုဏ်းဂဏနောက်ခံအမျိုးမျိုး၊ မတူညီသောဓလေ့ထုံးတမ်းများမှ မတူညီသောသာသနာပြုများနှင့် တွေ့ဆုံပြီး၊

> ၎င်းတို့နှင့် အတူတကွလုပ်ဆောင်ရန် အရေးကြီးသည်ဟု ထင်ပါတယ်။ ဧဝံဂေလိသတင်းကောင်း အသိုင်းအဝိုင်းအားလုံးတွင် တူညီသောအချက်များစွာရှိသည်။ ယခု ကျွန်ုပ်တို့တွင် သဘောမတူသည့် ကိစ္စရပ်များ ရှိနေပြီဖြစ်သည်။ နောက်ဆုံးသောကာလ၊ နှစ်ခြင်းမင်္ဂလာနှင့် ဝိညာဉ်ဆုကျေးဇူးများနှင့်ပတ်သက်၍ ကွဲပြားခြင်းများ အမြဲရှိလိမ့်မည်ဖြစ်သည်။ ၎င်းတို့သည် အသင်းတော်များ ကွဲပြားနေရသည့်အကြီးမားဆုံးသုံးခု ဖြစ်နိုင်သည်။ သို့သော် ကျွန်ုပ်တို့တွင် တူညီသောအချက်များ များစွာရှိပါသည်။ ဓမ္မပညာရှင်များနှင့် ဓမ္မဆရာများအားလုံးသည် ကျွန်ုပ်တို့၏တူညီသောနယ်ပယ်များကို အသိအမှတ်ပြုရန်အတွက်၊ ဦးစွာပထမနှင့်အဓိက အလေးထားရန် လိုအပ်သည်ဟု ထင်ပါသည်။ ကျွန်ုပ်တို့သည် ထိုသို့ပို၍လုပ်ဆောင်လေလေ၊ ယုံကြည်ခြင်း၏ အဓိကမရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများနှင့်ပတ်သက်၍ စည်းလုံးညီညွတ်မှုနှင့် တူညီသောခံစားချက်ကို ပြုစုပျိုးထောင်လေလေ၊ ကျွန်ုပ်တို့သည် တရားစီရင်ပြစ်တင်ရှုံ့ချခြင်း စိတ်ဓာတ်ထက် ကျေးဇူးတော်စိတ်ဓာတ်နှင့် ထိုသဘောထားကွဲလွဲသော နယ်ပယ်များကို ပို၍ဆက်ဆံနိုင်လေလေ ဖြစ်သည်။
>
> **ဒေါက်တာ Steve Curtis**

"ခရစ်ယာန်ဓမ္မပညာ" ဟူသောအသုံးအနှုန်းဖြင့် ဤသင်ခန်းစာများတွင် မည်သည့်အရာကိုဆိုလိုကြောင်း ကျွန်ုပ်တို့တွေ့မြင်ပြီးဖြစ်သောကြောင့်၊ ကျွန်ုပ်တို့၏ဒုတိယအကြောင်းအရာကို ဆက်လေ့လာသင့်ပါသည်။ ခရစ်ယာန်ထုံးတမ်းစဉ်လာများ

# ခရစ်ယာန်ထုံးတမ်းစဉ်လာများ

---

ပရိုတက်စတင့်များအတွက် ခရစ်ယာန်ထုံးတမ်းစဉ်လာအား သံသယဖြစ်ခြင်းသည် သဘာဝကျသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုပြုပြင်ပြောင်းလဲရေးတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသည်ဟု မြင်ကြပြီး၊ ပရိုတက်စတင့် ပြုပြင်ပြောင်းလဲရေးသမားများသည် လူ့ထုံးတမ်းစဉ်လာအားလုံးအပေါ် သမ္မာကျမ်းစာ၏ အခွင့်အာဏာကို ထပ်မံအတည်ပြုခဲ့ကြသည်။ သို့တိုင်၊ လူ့ထုံးတမ်းစဉ်လာအားလုံးသည် သမ္မာကျမ်းစာနှင့် ဆန့်ကျင်သည် မဟုတ်ပါ။ ခရစ်ယာန်ထုံးတမ်းစဉ်လာများသည် အသင်းတော်အား သန့်ရှင်းသောဝိညာဉ်တော်ပေးသည့် ဉာဏ်ပညာကိုကိုယ်စားပြုသောအခါ၊ ၎င်းတို့တွင် များစွာတန်ဖိုးရှိကြောင်း သမ္မာကျမ်းစာသွန်သင်သည်ကို ကျွန်ုပ်တို့တွေ့မြင်ရတော့မည်ဖြစ်သည်။ ထို့ကြောင့် ခရစ်ယာန်ဓမ္မပညာကို တည်ဆောက်ရာတွင် ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများသည် မည်သည့်နေရာ၌ရှိသနည်း။

ဤမေးခွန်းကိုဖြေဆိုရန် ခေါင်းစဉ်သုံးခုကို ဆွေးနွေးမည်။ ဦးစွာ၊ ကျွန်ုပ်တို့သည် "ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာ" ဟူသောအသုံးအနှုန်းကိုဖွင့်ဆိုမည်။ ဒုတိယ၊ ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများ၏

သဘောထားအချို့ကို ဆန်းစစ်မည်။ တတိယ၊ ကျွန်ုပ်တို့၏ဘဝတွင် ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများ၏အရေးပါမှုကို လေ့လာမည်။ ခရစ်ယာန်ဓမ္မပညာဆိုင်ရာ ထုံးတမ်းစဉ်လာတစ်ခုအကြောင်း ပြောသောအခါ မည်သည်ကိုဆိုလိုကြောင်း ဦးစွာကြည့်ကြပါစို့။

# ထုံးတမ်းစဉ်လာအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း

ဧဝံဂေလိခရစ်ယာန်များသည် "ထုံးတမ်းစဉ်လာ" ဟူသော ဝေါဟာရကို နည်းလမ်းများစွာဖြင့် အသုံးပြုကြရာ၊ ဤနေရာတွင် ကျွန်ုပ်တို့မည်ကဲ့သို့အသုံးပြုရမည်ကို သတ်မှတ်ရန် လိုအပ်သည်။ အပြုသဘောမဆောင်သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြင့် ပြဿနာကို ဦးစွာရှင်းလင်းပါမည်—ကျွန်ုပ်တို့ မဆိုလိုသည့်အရာကို ရှင်းပြခြင်း—ထို့နောက် အပြုသဘောဆောင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြင့်—ကျွန်ုပ်တို့ မည်သည့်အရာကို ဆိုလိုကြောင်း ဖော်ပြပါမည်။ ပထမဦးစွာ၊ ယနေ့ ဧဝံဂေလိအသိုင်းအဝိုင်းများတွင် "ထုံးတမ်းစဉ်လာ" ဟူသောအသုံးအနှုန်းသည် "ရိုးရာအယူဝါဒ"နှင့် နီးကပ်စွာဆက်စပ်နေသောကြောင့် ၎င်းသည် အလွန်အပြုသဘောမဆောင်သော အဓိပ္ပာယ်များရှိနေသည်။

## အပြုသဘောမဆောင်သော အဓိပ္ပာယ်ဖွင့်ဆိုချက်

အမေရိကန် ဓမ္မပညာရှင် John Frame သည် ဤသို့ဆိုသည်_

> သမ္မာကျမ်းစာတစ်ခုတည်း sola Scriptura ကို ချိုးဖောက်သည့်နေရာတွင် "ရိုးရာအယူဝါဒ" ရှိသည်။

တစ်နည်းဆိုရသော်၊ ရိုးရာအယူဝါဒသည် လူသားတို့၏ နှစ်သက်မှုအပေါ် အခြေခံသည့် ဓမ္မပညာဆိုင်ရာယုံကြည်မှုဖြစ်သည်။ အများအားဖြင့် သမ္မာကျမ်းစာပေါ်တွင်မဟုတ်ဘဲ နှစ်ရှည်လများ ရှေးရိုးစွဲမြဲမြံသော ဦးစားပေးမှုများအပေါ် နစ်မြှုပ်လေ့ရှိသည်။ မာကု ၇:၈-၁၃ တွင်၊ ယေရှုသည် ကျမ်းပြုဆရာ၊ ဖာရိရှဲများနှင့် ဇဒ္ဒုကဲတို့အား ဤစကားများကို မိန့်ကြားခဲ့သည်_

> အကြောင်းမူကား၊ သင်တို့သည် ဘုရားသခင်၏ ပညတ်တော်ကို ပယ်၍ ခွက်ဖလားဆေးခြင်းတည်းဟူ သော လူတို့မှ ဆက်ခံသောနည်းဥပဒေသကို ခံယူလျှက်…မိမိတို့အဆက်ဆက်ခံသော နည်းဥပဒေသအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုပယ်ကြ၏ (မာကု ၇:၈-၁၃)။

ခရစ်တော်၏နောက်လိုက်များသည် ရိုးရာအယူဝါဒကို ငြင်းပယ်သင့်သည်။ အကြောင်းမှာ သမ္မာကျမ်းစာသာပိုင်ဆိုင်ထားသော အခွင့်အာဏာကို လူ့အမြင်ယူဆချက်မျှသာ ဖြစ်စေသောကြောင့်ဖြစ်သည်။ လူမိုက်မဲခြင်းသည် ဘုရား၏ဖွင့်ပြခြင်းထက် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အလွယ်တကူလမ်းပြနိုင်သောကြောင့်၊ ယေရှုပြခဲ့သကဲ့သို့ ရိုးရာအယူဝါဒပုံစံအားလုံးကို ကျွန်ုပ်တို့ဆန့်ကျင်သင့်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ပထမဆုံးအနေဖြင့်၊ ထုံးတမ်းစဉ်လာသည် ခရစ်ယာန်များအတွက် ကောင်းသည်ဟု ထင်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့၏အယူဝါဒများကို အကျဉ်းချုပ်ရနိုင်သည့်နေရာဖြစ်သည်။ သို့သော် ထုံးတမ်းစဉ်လာနှင့်ဆက်နွယ်သည့် အန္တရာယ်များကိုလည်း သတိထားဖို့လိုသည်။ သခင်ယေရှုသည် လူသား၏ထုံးတမ်းစဉ်လာများကို နာခံကာ ဘုရားသခင်၏အရာများကို အမှန်တကယ်ဘေးဖယ်ထားခြင်းဖြင့် ဖာရိရှဲများနှင့် ပညတ်တရားသွန်သင်သူဆရာများကို ဆုံးမတော်မူသည့် မာကု ၇ အကြောင်းကို ကျွန်ုပ်တို့အချို့သိကြသည်...ကျွန်ုပ်၏စိတ်ထဲသတိရမိသည့် အဖြစ်အပျက်များထဲမှ တစ်ခုမှာ တစ်ချိန်ကလည်ပတ်ခဲ့သောအသင်းတော် တစ်ခုအကြောင်း ဖြစ်သည်။ ဤအသင်းတော်သည် နံနက်တိုင်း ပုံမှန်ဆုတောင်းခြင်းကို အလွန်နှစ်သက်သည်။ တက္ကသိုလ်များမှ လူငယ်များ အသင်းတော်သို့လာသောအခါ၊ အသက်ကြီးသူများသည် အခက်အခဲတွေ့ကြသည်။ အကြောင်းမှာ ဤလူငယ်များသည် ထုံးတမ်းစဉ်လာအား လေးစားမှုမရှိဟု ယူဆ၍ဖြစ်သည်။ ထို့ပြင် အသင်းတော်သည် ဤလူငယ်များကို သခင်ကိုရှာနေသည့် ပျောက်သောလူများအဖြစ် သူတို့ထံသွားရောက်ရမည်ဟု အမှန်မြင်ရမယ့်အစား၊ သူတို့ကို ဝင်လာဖို့တားဆီးထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ထုံးတမ်းစဉ်လာများသည် ဧဝံဂေလိတရားလမ်းထဲသို့ ရောက်ရှိနိုင်သည့်နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။
>
> **ဒေါက်တာ Vuyani Sindo**

ဒုတိယအချက်၊ "ရိုးရာအယူဝါဒ" သည် အလွန်အပြုသဘောမဆောင်သည့် အဓိပ္ပါယ်များရှိနေသော်လည်း၊ "ထုံးတမ်းစဉ်လာ" နှင့် ပတ်သက်၍ မတူညီသောအမြင်ရှိသင့်ပါသည်။ ကျွန်ုပ်တို့၏ ခေတ်သစ်ဧဝံဂေလိနားများတွင် ထူးဆန်းသကဲ့သို့၊ တမန်တော်ပေါလုသည် ခရစ်တော်၏ကိုယ်ခန္ဓာ၌ ထုံးတမ်းစဉ်လာအတွက် အပြုသဘောဆောင်သောအခန်းကဏ္ဍကို အမှန်တကယ် အတည်ပြုခဲ့သည်။

## အပြုသဘောဆောင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်

၁ ကောရိန္သု ၁၅:၃ တွင် ပေါလု ရေးခဲ့သည်ကို နားထောင်ပါ_

> ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း၊ သင်တို့အား ရှေ့ဦးစွာ အပ်ပေးသောအကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏ (၁ ကောရိန္သု ၁၅:၃ )။

ဂရိဘာသာ၌ "အပ်ပေးသော" ဟူသောအသုံးအနှုန်းသည် *paradidome* (παραδίδωμι) ဖြစ်ပြီး "ခံယူသည်" မှာ *paralambano (παραλαμβάνω)* ဖြစ်သည်။ ဤအသုံးအနှုန်းများသည် ခရစ်ယာန်သွန်သင်ချက်များလွှဲပြောင်းပေးခြင်းကို ဖော်ပြရန်အတွက် ပေါလု၏စာများတွင် အကြိမ်ပေါင်းများစွာ တွေ့ရ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည်။ ဂျူးထုံးတမ်းစဉ်လာများ၏သွန်သင်ချက်များကိုဖော်ပြရန် ပထမရာစုဂျူးအသိုင်းအဝိုင်းတွင် အသုံးပြုသည့်တူညီသောအသုံးအနှုန်းများဖြစ်သောကြောင့် ဤအချက်သည် ကျွန်ုပ်တို့၏ဆွေးနွေးမှု အတွက် အရေးကြီးသည်။

အမှန်မှာ၊ ပေါလုသည် ခရစ်ယာန်ယုံကြည်ခြင်းကို မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်း လွှဲပြောင်းပေးသည့် ထုံးတမ်းစဉ်လာတစ်ခုအဖြစ် ရှုမြင်ခဲ့သည်။ ပေါလု၏အသုံးအနှုန်းနှင့် အနည်းငယ် ခြားနားသောနည်းလမ်းများဖြင့် "ထုံးတမ်းစဉ်လာ" ဟူသောအသုံးအနှုန်းကို ကျွန်ုပ်တို့သည် အသုံးပြု နေသော်လည်း၊ "ခရစ်ယာန်ထုံးတမ်းစဉ်လာ" သို့မဟုတ် "ခရစ်ယာန်ထုံးတမ်းစဉ်လာများ" ဟူသော အသုံးအနှုန်းဖြင့် ဖယ်ရှားရန်မလိုပါ။ ပေါလုကိုယ်တိုင်သည် ထုံးတမ်းစဉ်လာအသုံးအနှုန်းကို အပြုသ ဘောဆောင်သည့်နည်းဖြင့် အသုံးပြုခဲ့သည်မှာ ထင်ရှားပါသည်။

> သမ္မာကျမ်းစာကိုယ်တိုင်သည် နှုတ်စကား၊ ရေးထားသောစာ နှစ်မျိုးလုံးဖြင့် တမန်တော်များ၏ထုံးတမ်းစဉ်လာကို အပြုသဘောဆောင်၍ ဖော်ပြပါသည်။ ဧဝံဂေလိအသင်းတော်များအနေဖြင့်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို လက်ဆင့် ကမ်းလိုသည်ဟု ဆိုသောအခါ၊ ကျွန်ုပ်တို့သည် လွတ်လပ်စွာပြောဆိုနိုင်သည်၊ တမန်တော်တို့၏ ထုံးတမ်းစဉ်လာကိုလည်း ထိန်းသိမ်းလိုပါသည်…ထို့ကြောင့်၊ ဥပမာ၊ ပရိုတက်စတင့် ပြုပြင်ပြောင်းလဲရေးသမားများသည် သမ္မာကျမ်းစာအရ အသင်းတော်ထုံးတမ်းစဉ်လာများကို အကဲဖြတ်သောအခါ၊ သူတို့သည် သမ္မာ ကျမ်းစာနှင့် သဘောမတူသော အဆိုပါထုံးတမ်းစဉ်လာများကို လွတ်လပ်စွာ ပယ်ချပြီး ဖယ်ထားလိုကြသည်။ သို့သော် အသင်းတော်ထုံးတမ်းစဉ်လာသည် တမန်တော်များ၏ ထုံးတမ်းစဉ်လာနှင့် သမ္မာကျမ်းစာ၌သဘောတူညီသည့် နေရာတွင်၊ ပြုပြင်ပြောင်းလဲရေးသမားများသည် ထိုအသင်းတော်ထုံးတမ်း စဉ်လာများကို ကာကွယ်ခဲ့သည်။
>
> **ဒေါက်တာ Andrew Parlee**

> ရိုးရာဓလေ့ဟု ရံဖန်ရံခါခေါ်ဝေါ်သော ကျွန်ုပ်တို့၏ထုံးတမ်းစဉ်လာများတွင် အကျိုးကျေးဇူးများစွာရှိပါသည်။ လူတို့သည် မိမိတို့သည်မည်သူမည်ဝါဖြစ် ကြောင်း၊ ဘုရားသခင်သည် မည်သူဖြစ်ကြောင်းနှင့် ဘုရားသခင်ပြုတော်မူရာ များကို အစဉ်သတိရရန်လိုအပ်ပြီး၊ ထုံးတမ်းစဉ်လာများနှင့် ရိုးရာဓလေ့များစွာ သည် ကျွန်ုပ်တို့ကို သတိရစေရန် ကူညီပေးသည်။ သင့်အနေဖြင့် ဘုရားသခင် သည် မည်သူမည်ဝါဖြစ်ကြောင်း၊ ဘုရားသခင်ပြုခဲ့သောအရာ၊ လူသားသည် မည်သူဖြစ်ကြောင်းနှင့် လူသား၏ အနေအထားသည် မည်သည့်အရာဖြစ်သည် ကို သတိပေးချက်တစ်ခုအဖြစ် ထိုထုံးတမ်းစဉ်လာများနှင့် ရိုးရာဓလေ့များကို အသုံးပြုသောအခါ၊ ၎င်းသည် ဘုရားသခင်၌ရှိသည့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ခိုင်ခံ့စေရန် ကူညီပေးသည်။ သူတို့သည် ဘုရားသခင်၏နေရာကို မည်သည့်အခါ

မှ မယူသင့်၊ သခင်ယေရှုနှင့် သူ၏ကောင်းမြတ်ခြင်းများကို မည်သည့်အခါမှ မယူသင့်ပါ။ ၎င်းတို့သည် သတိပေးချက်တစ်ခုသာဖြစ်သည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးသည် မည်သည့်အရာကိုဆိုလိုကြောင်း၊ ထိုဆက်ဆံရေးကို မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်စေနိုင်ကြောင်း၊ ကျွန်ုပ်တို့သည်ဘုရားသခင်နှင့် ထိုဆက်ဆံရေးရှိရန် ဘုရားသခင်ခွင့်ပြုကြောင်း စသည်တို့ကိုကိုယ်စားပြုသည်။ ထိုရိုးရာဓလေ့များနှင့် ထုံးတမ်းစဉ်လာများသည် ကိုယ်တော်အားသတိရစေရန် ကူညီပေးသည်။

**— Rev. Pablo Torres**

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအတွက်၊ ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာအား အောက်ပါကဲ့သို့ သတ်မှတ်ဖော်ပြပါမည်–

> အသင်းတော်၏အသင်းအဖွဲ့ခွဲများတစ်ခုနှင့်တစ်ခုကို ကွဲပြားခြားနားစေသည့် ရှည်လျားသောဓမ္မပညာဆိုင်ရာအယူဝါဒ၊ အလေ့အကျင့် သို့မဟုတ် စိတ်ခံစားချက်များ။

ဤအဓိပ္ပါယ်အား အဓိကအပိုင်းနှစ်ပိုင်းဖြင့် လေ့လာကြည့်ကြမည်။ ပထမအချက်၊ ၎င်းသည် "ရှည်လျားသောအယူဝါဒ၊ အလေ့အကျင့် သို့မဟုတ် စိတ်ခံစားချက်တစ်ခု" ဖြစ်သည်။ ဆိုလိုသည်မှာ၊ ဤသင်ခန်းစာများတွင် ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာတစ်ခုအကြောင်း ပြောသောအခါ၊ မကြာသေးမီက စတင်ခဲ့သောအရာကို ကျွန်ုပ်တို့ စိတ်ထဲတွင် မရှိပါ။ ၎င်းအစား၊ ယုံကြည်ချက်စနစ်တစ်ခုသည် အချိန်အတော်ကြာ တည်ရှိနေမှသာ ကျွန်ုပ်တို့၏ ဝေါဟာရအရ ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာတစ်ခု ဖြစ်လာပါသည်။ ကျွန်ုပ်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်အရ၊ အသင်းတော်၌ နှစ်ပေါင်းများစွာ လက်ခံခြင်းရှိသည့် ယုံကြည်မှုများမှသာလျှင် ထုံးတမ်းစဉ်လာများအဖြစ် အရည်အချင်းပြည့်မီသည်။

ဒုတိယအနေဖြင့်၊ ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာတစ်ခုသည် "အသင်းတော်၏အသင်းအဖွဲ့ခွဲများ တစ်ခုနှင့်တစ်ခုကို ကွဲပြားခြားနားစေသည်"။ တစ်နည်းဆိုရသော်၊ ထူးခြားသောလက္ခဏာအင်္ဂါရပ်များကို ခွဲခြားဖော်ထုတ်နိုင်သော ယုံကြည်သူများ၏ဂိုဏ်းဂဏများ သို့မဟုတ် အသင်းအဖွဲ့များ၏အသွင်အပြင်များကို ကျွန်ုပ်တို့ စိတ်ထဲစွဲမှတ်ထားကြသည်။ မည်သည့်အရာသည် နှစ်ခြင်းတစ်ဦးအား နှစ်ခြင်းတစ်ဦးဖြစ်စေသနည်း။ နှစ်ခြင်းထုံးတမ်းစဉ်လာဖြစ်သည်။ မည်သည့်အရာသည် မက်သဒစ်တစ်ဦးအား မက်သဒစ်တစ်ဦးဖြစ်စေသနည်း။ မက်သဒစ်ထုံးတမ်းစဉ်လာဖြစ်သည်။ ယုံကြည်သူအုပ်စုများသည် အချိန်ကြာမြင့်စွာ တူညီသောအမြင်များကို မျှဝေသောအခါ၊ ထိုအမြင်များသည် ၎င်းတို့၏ထူးခြားသော ဓမ္မပညာဆိုင်ရာလမ်းကြောင်းများဖြစ်လာသည်။ ၎င်းတို့၏စိတ်နှလုံးများသည် အသင်းတော်၏အသင်းအဖွဲ့ခွဲတစ်ခုတွင် အခြားတစ်ခုထက် ပို၍ရှိနေသည်ကို တွေ့ရှိရသည်။

> ခရစ်ယာန်ထုံးတမ်းစဉ်လာများ သို့မဟုတ် အသင်းတော်၏အသင်းအဖွဲ့ခွဲများနှင့် မတူညီသောအသင်းတော်၏အသင်းအဖွဲ့ခွဲများ၏ အလေးပေးဖော်ပြသည့်

အရာအမျိုးမျိုးနှင့် နှစ်များတစ်လျှောက် ၎င်းတို့လိုက်နာခဲ့သောလမ်းစဉ်များ နှင့်ပတ်သက်လာလျှင် အစွန်းရောက်ရန် လွယ်ကူသည်။ အစွန်းရောက်မှု တစ်ခုသည် သင့်ဘဝအပေါ် လွှမ်းမိုးမှုတစ်စုံတစ်ရာကို ငြင်းပယ်ခြင်းဖြစ်သည်— သင်သည် သင်၏တစ်ဦးချင်းဘဝ၊ ခရစ်တော်နှင့်အတူ လျှောက်လှမ်းခြင်းနှင့် သင်၏တစ်ဦးချင်းကျမ်းစာဖတ်ရှုခြင်းကို အလေးပေးခြင်းဖြစ်သည်။ အစွန်း ရောက်မှုကို အလေးပေးသောသူများသည် အိမ်ယာမဲ့တစ်ဦးကဲ့သို့ ဆင်တူသည်။ အိမ်ယာမဲ့တစ်ဦးအား လမ်းတွင်သင်သည်မြင်ဖူးလိမ့်မည်၊ သူသည်တစ်စုံတစ်ရာ အားကောက်သိမ်းပြီး သူ၏အိတ် သို့မဟုတ် လှည်းထဲသို့ထည့်လိုက်သည့်အခါ၊ ကျန်ခဲ့သော တစ်စုံတစ်ရာကိုသတိပြုမိပါလိမ့်မည်။ လမ်း၌ကျန်ခဲ့သည့် အခြား အရာ သို့မဟုတ် တစ်စုံတစ်ခုအား သူသတိထားမိလိမ့်မည်။ ထို့ကြောင့်၊ အိတ်ထဲ တွင် အမှန်တကယ်မလိုက်ဖက်သော အရာများဖြင့် ပြည့်နေပြီး၊ သူ့ဘဝသည် တစ်စစီဖြစ်သကဲ့သို့ဖြစ်သည်။ ၎င်းသည် စည်းလုံးမှုမရှိ။ သူ၌ သွားရမည့်အိမ် မရှိ။ ထို့ ကြောင့် အစွန်းရောက်မှုတစ်ခုသည် တစ်သီးပုဂ္ဂလ ခံယူချက်မြင့်မား လာခြင်း၊ ခရစ်ယာန်ထုံးတမ်းစဉ်လာများ သို့မဟုတ် အသင်းတော်၏အသင်း အဖွဲ့ခွဲများနှင့် သူတို့တွင်ရှိသောဉာဏ်ပညာများကိုငြင်းပယ်ခြင်း ဖြစ်သည်။

ယခု၊ အခြားသောအစွန်းရောက်မှုမှာ ထုံးတမ်းစဉ်လာ၊ အသင်းတော်၏အသင်း အဖွဲ့ခွဲတစ်ခု၊ အသင်းတော်၏ အစိတ်အပိုင်းအသီးသီး၊ နှစ်ပေါင်းများစွာ လိုက် လျှောက်ခဲ့သော လမ်းကြောင်းများ စသည်တို့ကို အကျဉ်းထောင်တစ်ခုကဲ့သို့ ပို၍ သို့မဟုတ် အနည်းအကျဉ်း မှတ်ယူခြင်းဖြစ်သည်။ထို့ပြင် မျိုးဆက်တစ်ခုမှတစ်ခု လက်ဆင့်ကမ်းလာခဲ့သည့် ရေရှည်ထုံးတမ်းစဉ်လာများကို သင်ရှာတွေ့နိုင်ပြီး ပြတင်းပေါက်လုံးဝမပါရှိသော အဆောက်အဦတစ်ခုထဲ၌ ရှိနေသကဲ့သို့ သင့်ကို ယ်သင် ပိတ်လှောင်ထားနိုင်ပါသည်။ ထွက်ရန်တံခါးမရှိပါ။ အဘယ်ကြောင့် သင်သည်ဤသို့ပြုသနည်း။ အဘယ်ကြောင့် သင်သည်၎င်းကိုယုံကြည်သနည်း။ အဘယ်ကြောင့် သင်သည်ဤသို့ခံစားရသနည်း။ "ကောင်းပါပြီ၊ ၎င်းသည် ကျွန်ုပ် ၏အသင်းတော်သည် ကျွန်ုပ်အား ယုံကြည်ရန်၊ ခံစားရန်နှင့် ပြုလုပ်ရန် ပြော သောကြောင့်ဖြစ်သည်။" ၎င်းသည် အကျဉ်းထောင်တစ်ခုကဲ့သို့ ခရစ်ယာန်ထုံး တမ်းစဉ်လာတစ်ခုအား ပြုလုပ်ခြင်းနှင့်တူသည်။ ထို့ပြင် သင့်အား အိမ်မရှိသော လူတစ်ဦးကဲ့သို့ဖြစ်သည့် ထုံးတမ်းစဉ်လာအားငြင်းပယ်ခြင်း၏အစွန်းရောက်သူ မဖြစ်စေလိုပါ။ သင်သည်လည်း အသင်းတော်၏အသင်းအဖွဲ့ခွဲတစ်ခုဖြစ်သော သင်၏အကျဉ်းထောင်ကို ဖန်တီးလိုမည်မဟုတ်ပါ။ အကြောင်းမှာ သင်ခွဲခြား သိနိုင်သောအသင်းတော်ထက် အခြားအသင်းတော်၏အသင်းအဖွဲ့ခွဲများမှ လေ့လာသင်ယူစရာများစွာရှိသောကြောင့်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထို့ကြောင့်၊ ဂိုဏ်းဂဏတစ်ခု သို့မဟုတ် အသင်းတော်၏အသင်းအဖွဲ့ခွဲတစ်ခု သို့မဟုတ် နှစ်ပေါင်းများစွာ လိုက်လျှောက်ခဲ့သော လမ်းစဉ်များ—ထုံးတမ်းစဉ်လာတစ်ခု၊ ခရစ်ယာန်ထုံးတမ်းစဉ်လာတစ်ခု—ကို အိမ်တစ်ခုအဖြစ် မကြာခဏ စဉ်းစားလေ့ရှိပါသည်။ အိမ်ဟူသည် မည်သို့သောအရာနည်း။ သင် အိပ်စက်အနားယူသည့်နေရာဖြစ်သည်။ သင် သက်တောင့်သက်သာခံစားရသည့်နေရာဖြစ်သည်။ သင် ရှိရာနေရာဖြစ်သည်။ သင်၏ အိမ်အတွင်း၌ အချို့သောအရာများကို အခြားသူများလုပ်ဆောင်ပုံနှင့် ကွဲပြားသည့်နည်းလမ်းများဖြင့် သင်လုပ်ဆောင်သည်။ သို့သော် သင်၏အိမ်သာလျှင် ဖြစ်သည်။၎င်းသည် အသင်းတော်၏အသင်းအဖွဲ့ခွဲများနှင့် သူတို့ပေးသည့်စည်းမျဉ်းများ၊ သူတို့ပေးတဲ့ မူဝါဒများ၊ သူတို့၏အယူဝါဒဆိုင်ရာ အကျဉ်းချုပ်များ၊ ကျွန်ုပ်တို့၏ခရစ်ယာန်ယုံကြည်ချက်တွင် ခံစားရန်နှင့် ပြုမူနေထိုင်ပုံကို ပြောပြသောနည်းလမ်းများအကြောင်း စဉ်းစားရာတွင် အလွန်အထောက်အကူဖြစ်စေသည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ဘဝကွက်လပ်များကိုဖြည့်ရန်၊ ကိစ္စရပ်များကို ပိုမိုဂရုတစိုက်စဉ်းစားရန်နှင့် ဘုရားသခင်နှစ်သက်သောနည်းလမ်းများဖြင့် အသက်ရှင်ရန်အတွက် ခရစ်တော်၏ကိုယ်ခန္ဓာပေါ်တွင် ကျွန်ုပ်တို့များစွာ အားကိုးနေရသောကြောင့် သင့်အိမ်တွင်ရှိနေရခြင်းသည် အလွန်ကောင်းမွန်ပါသည်။ သို့သော် တစ်ချိန်တည်းတွင်၊ ကျွန်ုပ်တို့သည် အသင်းတော်၏အသင်းအဖွဲ့ခွဲအပြင်ဘက်သို့—ကျွန်ုပ်တို့၏ ထုံးတမ်းစဉ်လာ—မိတ်ဆွေဖွဲ့ခြင်း၊ သူတို့ထံမှလေ့လာသင်ယူခြင်းနှင့် ကျွန်ုပ်တို့၏အသင်းတော်၏ အသင်းအဖွဲ့ခွဲသို့ ပြန်လာပြီး—ကျွန်ုပ်တို့၏ ကိုယ်ပိုင်အိမ်—သမ္မာကျမ်းစာနှင့်ပိုမိုကိုက်ညီသည့် နည်းလမ်းများနှင့် အပြောင်းအလဲများကို လုပ်ဆောင်နိုင်ပါသည်။
>
> **ဒေါက်တာ Richard L. Pratt, Jr.**

ယခု ကျွန်ုပ်တို့သည် ခရစ်ယာန်ဓမ္မပညာဆိုင်ရာ ထုံးတမ်းစဉ်လာများ၏ဆိုလိုချက်ကို သတ်မှတ်လိုက်သောအခါ၊ ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများ၏ သဘောထားအချို့ကိုလည်း သတိပြုသင့်သည်။

# ထုံးတမ်းစဉ်လာများ၏ သဘောထားများ

ခရစ်ယာန်အသင်းတော်၏ အသင်းအဖွဲ့ခွဲများစွာသည် အချိန်ကြာလာသည်နှင့်အမျှ ဓမ္မပညာဆိုင်ရာသဘောထားများကြောင့် သွင်ပြင်လက္ခဏာများကွဲပြားလာသည်ကို ကျွန်ုပ်တို့အားလုံး သိရှိနားလည်ကြသည်။ ခရစ်တော်၏နောက်လိုက်အများသည် ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာတစ်ခု သို့မဟုတ် အခြားတစ်ခုဖြင့် မိမိကိုယ်ကိုသိမှုဖြင့် ပြတ်သားစွာခွဲခြားသတ်မှတ်ကြသည်။ အခြားသူများ မလုပ်ကြပါ။ သို့သော် ကျွန်ုပ်တို့ နားလည်သည်ဖြစ်စေ မသိသည်ဖြစ်စေ ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများသည် ကျွန်ုပ်တို့အားလုံးကို နက်ရှိုင်းစွာလွှမ်းမိုးထားသည်။ ဤဓမ္မပညာဆိုင်ရာသဘောထားများသည် ကျွန်ုပ်တို့

ဖတ်ရှုသောစာအုပ်များ၊ ကြားရသော တရားဒေသနာများ၊ တက်ရောက်သည့်အသင်းတော်များနှင့် ခရစ်ယာန်မိတ်ဆွေများအားဖြင့် ကိုယ်စားပြုပါသည်။ ကျွန်ုပ်တို့အပေါ် ဤထုံးတမ်းစဉ်လာများ၏ အလွန်အကျွံလွှမ်းမိုးခြင်းမှကာကွယ်ရန်မျှော်လင့်ပါက၊ ၎င်းတို့၏ အားသာချက်များနှင့် အားနည်းချက်များကို သိရှိရန် လိုအပ်သည်။

ရှေ့သင်ခန်းစာ၌၊ ဓမ္မပညာတွင် ရှေးရိုးစွဲဝါဒ orthodoxy— မှန်ကန်သော သို့မဟုတ် စစ်မှန်သော အယူဝါဒများ၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis— မှန်ကန်သောအပြုအမူ သို့မဟုတ် အလေ့အကျင့်နှင့် မှန်ကန်သောခံစားမှု Orthopathos— မှန်ကန်သောခံစားချက်များ သို့မဟုတ် စိတ်ခံစားမှုများ ပါဝင်ကြောင်း ကျွန်ုပ်တို့သတိပြုခဲ့သည်။ ထို့ကြောင့်၊ ခရစ်ယာန်ဘာသာအတွင်း မတူညီသော ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများသည် ဤအမျိုးအစားသုံးမျိုးထဲမှ တစ်ခု သို့မဟုတ် နှစ်ခု ဖြစ်နိုင်သည်ကို သတိပြုမိရန် အထောက်အကူဖြစ်စေပါသည်။

အချို့သော ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများသည် ရှေးရိုးစွဲဝါဒ orthodoxy ကို အလေးပေးလိုသည်။ အချို့မှာ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis ဆီသို့ ဦးတည်လေ့ရှိကြပြီး၊ အချို့မှာ မှန်ကန်သောခံစားမှု Orthopathos ကို ပေါ်လွင်စေသည်။ ရှေးဦးစွာ၊ အချို့သောအသင်းတော်၏အသင်းအဖွဲ့ခွဲများသည် ရှေးရိုးစွဲဝါဒ orthodoxy ကိုအလေးပေးခြင်းဖြင့် အခြားသူများနှင့် ထုံးတမ်းစဉ်လာဆိုင်ရာ မည်သို့ကွဲပြားသည်ကို သုံးသပ်ကြည့်ကြပါစို့။

## ရှေးရိုးစွဲဝါဒ Orthodoxy

သူတို့ ကိုင်စွဲထားသည့်အယူဝါဒများအရ သူတို့မည်သူမည်ဝါဖြစ်ကြောင်း ထူးခြားသောလက္ခဏာများကို ကျွန်ုပ်တို့ သိကြသည်။ သူတို့၏သွန်သင်ခြင်းဓမ္မအမှုတော်များနှင့် အယူဝါဒရပ်တည်ချက်များသည် ၎င်းတို့၏ခရစ်ယာန်ယုံကြည်ခြင်း၏အဓိကအချက်ကို ပုံဖော်သည်။ ကံမကောင်းစွာပင်၊ ဤအသင်းတော်၏အသင်းအဖွဲ့ခွဲများသည် အယူဝါဒနောက်မျက်စိမှိတ်လိုက်နေခြင်းမျိုး ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ၊ ၎င်းတို့သည် အယူဝါဒဆိုင်ရာ အငြင်းပွားမှုများတွင် ကြီးမားစွာစိတ်စွဲလမ်းနေနိုင်ပြီး၊ အများအားဖြင့် အယူဝါဒဆိုင်ရာတူညီမှုကို အတိုင်းအတာတစ်ခုအထိ အခိုင်အမာတောင်းဆိုတတ်ကြသည်။ ဤအယူဝါဒများကို စိတ်စွဲလမ်းခြင်းသည် ပညာတတ်ဝါဒသို့ ဦးတည်စေပြီး၊ ယုံကြည်ခြင်း၏ အချက်အလက်များကို သင်ယူခြင်းနှင့် နားလည်ခြင်းတို့သည် သူ့အလိုလို အဆုံးသတ်ဖြစ်လာသည်။

> ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏အယူဝါဒ သို့မဟုတ် သဘောတရားဆိုင်ရာ ရှုထောင့်များကို အလေးပေးသောအခါ၊ "ပညာတတ်ဝါဒ" ဟုခေါ်သည့်အရာကို ရှောင်ရှားလိုပါသည်။ သို့သော် ဉာဏ်ပညာကို သို့မဟုတ် စိတ်တို့ကို ရှောင်ကြဉ်ခြင်းတို့နှင့်မတူပါ… ပေါလုသည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ သက်သေခံနေသည့် ဝိညာဉ်ကိုပြောနေခြင်းသာမဟုတ်ဘဲ ဝိညာဉ်တော်၏ စိတ်သဘောထားကို ဟောပြောခြင်းဖြစ်သည်။ စိတ်နှလုံး၏အသစ်ပြုပြင်ခြင်းအကြောင်းကိုလည်း သူပြောသည်၊ စိတ်သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ ၎င်းသည် ကျွန်ုပ်တို့မည်သူမည်ဝါဖြစ်ခြင်း၏အစိတ်အပိုင်းဖြစ်သည်သာမက၊ ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အတွက် ဘုရားသခင်၏လက်ဆောင်တစ်စိတ်တစ်ပိုင်းဖြစ်သည်။ သမ္မာကျမ်းစာကို ချဉ်းကပ်သည့်အခါ ၎င်းကိုကျွန်ုပ်တို့ အသုံးပြုနိုင်သည်...သို့သော် "ကျွန်ုပ်သည်ပညာတတ်ဖြစ်သည်၊ အခြားသူတိုင်းထက်သာသည်" ဟူသော စိတ်ဖြင့် ပြောနေခြင်းမဟုတ်ပါ။ တရားဒေသနာကို နားထောင်စဉ် ရှေ့နောက်မညီသည့် ကျမ်းချက်တစ်ခုကို ကြားလိုက်ရသောအခါ "အဟ၊ ငါက သူတို့ထက် ပိုတော်ပါလား" ဟု စိတ်ထဲတွင်မရှိပါ။ ၎င်းသည် ငယ်ရွယ်သောခရစ်ယာန်တစ်ဦးအတွက် စုံစမ်းနှောင့်ယှက်မှုတစ်ခုဖြစ်သည်။ အကြောင်းမှာ တစ်ခါတရံတွင် တန်ဖိုးရှိသည့်အရာတစ်ခုရှိနေသေးသောကြောင့်၊ ကျွန်ုပ်တို့သည်နှိမ့်ချသောစိတ်ရှိရန်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သွန်သင်ပေးသည့်အရာများကို သင်ယူလိုစိတ်ရှိရန် လိုအပ်သည်။ သို့သော် ထိုစိတ်ကိုအမှုတော်လုပ်ငန်းတွင် အသုံးပြုကြသည်။
>
> **ဒေါက်တာ Craig S. Keener**

ဒုတိယ၊ ရှေးရိုးစွဲဝါဒ orthodoxy ကို အလေးပေးမည့်အစား၊ အသင်းတော်ရှိ အခြားသောထုံးတမ်းစဉ်လာများသည် ၎င်းတို့၏ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis ဖြင့် မိမိတို့ကိုယ်မိမိ ပိုမိုခွဲခြားသိမြင်တတ်ကြသည်။

## မှန်ကန်သောအပြုအမူဆိုင်ရာ Orthopraxis

သူတို့၏သင်ကြားပို့ချပေးသည့်အရာနှင့် ဆန့်ကျင်ဘက်ဖြစ်သော၊ သူတို့၏ထူးခြားသောလက္ခဏာကို တွေ့ရှိရသည့်အသင်းတော်များစွာရှိသည်။ ၎င်းတို့၏ ခရစ်ယာန်အမှုတော်လုပ်ငန်းနှင့် လုပ်ဆောင်ချက်အစီအစဉ်များသည် ၎င်းတို့၏ အကြီးမားဆုံးသော အားသာချက်များဖြစ်သည်။ ၎င်းတို့သည်၎င်းတို့၏အသင်းဝင်များအတွက် လုပ်စရာများနှင့် မလုပ်သင့်သည့်အရာများအတွက် စာရင်းများရှိတတ်သည်။ ဝမ်းနည်းစရာမှာ၊ ဤအသင်းတော်၏အသင်းအဖွဲ့ခွဲများသည် ခရစ်ယာန် ယုံကြည်ခြင်းအား လုပ်ဆောင်မှုအလုပ်သဘောအဖြစ်မျှသာ မကြာခဏ လျှော့ချပစ်လေ့ရှိသည်။ ခရစ်ယာန်ဘာသာသည် တစ်စုံတစ်ရာကိစ္စကိုလုပ်ဆောင်ရန်အတွက် ဖြစ်လာသည်။ ထို့ပြင် ဤလှုပ်ရှားမှုကို စိတ်စွဲလမ်းခြင်းသည် တရားဝင်ဝါဒကို ဦးတည်စေပါသည်။

> ကျွန်ုပ်၏ကိုယ်ပိုင်ခရစ်ယာန်အသက်တာတွင်၊ နာခံမှုအပေါ်အလေးထားခြင်းသည်မည်မျှအရေးကြီးသည်ကိုတွေ့မြင်ခဲ့ရသည်မှာသေချာပါသည်။ ဆိုလိုသည်မှာ၊ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ငါသည်သင်တို့အားပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမဩဝါဒပေးကြလော့ ဟုခရစ်တော်မိန့်တော်မူခဲ့သည်။ ကျွန်ုပ်သည် ယုံကြည်သူဖြစ်ခါစအချိန်တွင်၊ ခရစ်တော်၏သွန်သင်ချက်ကိုနာခံသော၊ အထူးသဖြင့် မဟာအမှုတော်စေခိုင်းချက်ကို အမှန်တကယ်အလေးထားနာခံသော ယုံကြည်သူများ

> သို့မဟုတ် ခရစ်ယာန်အစုအဖွဲ့များတွင် ရှိနေခဲ့ပါသည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ ထိုကဲ့သို့သောကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာနှင့် ဧဝံဂေလိတရားကပေးသော လွတ်လပ်မှုကို လွှမ်းမိုးသွားသည်...ဆိုလိုသည်မှာ၊ အကယ်၍ ၎င်းသည် ဘုရားသခင်ကျွန်ုပ်အား လုပ်ဆောင်ရန် မိန့်တော်မူခဲ့သည်ကို နာခံခြင်း၏အခြေခံသက်သက်သာဖြစ်ပါက၊ ကျွန်ုပ်သည်ကြာမြင့်စွာကပင် အားကုန်၍ အရှိန်ကျသွားပေလိမ့်မည်။ ချစ်ခြင်းမေတ္တာခံစားချက်၊ ကျေးဇူးတရားခံစားချက်၊ လွတ်လပ်စွာရှုံးနိမ့်မှုခံစားချက်လည်း အရေးကြီးသည်... ထို့ကြောင့် နာခံမှုလိုသည်ဟု ထင်ပါသည်။ ကျွန်ုပ်တို့၏ဘဝအသက်တာနှင့်ပတ်သက်၍ မည်သို့နေထိုင်ရမည်ကို အလေးထားရန်လိုအပ်သော်လည်း၊ ဧဝံဂေလိတရားသည် သင့်အား နည်းလမ်းတစ်ခုဖြင့် လွတ်မြောက်စေပြီး၊ ထိုတရားဝင်ဝါဒသည် မည်သည့်အခါမျှ ဖြစ်မလာနိုင်သည့်နည်းလမ်းဖြင့် သင့်အားခွန်အားပေးသည်။
>
> **— Rev. Frank Sindler**

တတိယအချက်၊ အခြားဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများသည် ရှေးရိုးစွဲဝါဒ orthodoxy သို့မဟုတ် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis များအပေါ် အာရုံစိုက်ခြင်းအားဖြင့်မဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင်၏ မှန်ကန်သောခံစားမှု Orthopathos ကြောင့် ပို၍ကွဲပြားသည်။

## မှန်ကန်သောခံစားမှု Orthopathos

ခရစ်ယာန်ယုံကြည်ခြင်း၏ စိတ်ခံစားမှုရှုထောင့်သည် ဤအသင်းတော်များတွင် အဓိကအဆင့်ဖြစ်သည်။ ကြိမ်ဖန်များစွာ ဘာမျှမဟုတ်ဟုထင်ပေမယ့် ဘာသာရေးအရ ချစ်ခင်ရင်းနှီးမှုသည် အလွန်တန်ဖိုးကြီးပါသည်။ ဤခရစ်ယာန်များသည် အယူဝါဒနှင့်ပတ်သက်၍ စိတ်အနှောက်အယှက်မဖြစ်စေလိုကြပါ။ ထို့ပြင် ထိုအပြုအမူများသည် သူတို့ကို စိတ်သက်သာရာရစေခြင်းမရှိလျှင် တစ်ချို့အပြုအမူများအား မလုပ်ဆောင်လိုကြပေ။ ဤအကြောင်းကြောင့်၊ ဤအသင်းအဖွဲ့ခွဲများသည် စိတ်ခံစားမှုပိုင်းဆိုင်ရာ လက္ခဏာဆောင်နေခြင်းအတွက် အဆန်းမဟုတ်။

> ကျွန်ုပ်သည် Assemblies of God ၏ထုံးတမ်းစဉ်လာ၌ ကြီးပြင်းခဲ့ပြီး၊ Assemblies of God သည် ဘုရားသခင်ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားသော ကျွန်ုပ်တို့၏စိတ်ခံစားမှုဘက်ခြမ်းကို နည်းလမ်းများစွာဖြင့် မှန်ကန်စွာတန်ဖိုးထားသည့်ထုံးတမ်းစဉ်လာတစ်ခုဖြစ်သည်။ သို့သော် တစ်စုံတစ်ခုကိုတန်ဖိုးထားသည့် ထုံးတမ်းစဉ်လာအချို့သည် လွဲချော်လာသည့်အခါ၊ ၎င်းကို အလွန်တန်ဖိုးထားခြင်းဖြင့် မကြာခဏလုပ်နိုင်ပါသည်။ တက္ကသိုလ်တွင်ရှိနေစဉ် ဘုရားသခင်၏ ပုံသဏ္ဍာန်နှင့် ဖန်ဆင်းထားသည့်လူသားအားလုံးသည် မည်သူဖြစ်သည်ကို အနည်းငယ်ပို၍ နားလည်သဘောပေါက်လာသည်။ ထို့ပြင် ၎င်းသည် စိတ်ခံစားမှုသက်သက်မျှသာမက သိမြင်နိုင်စွမ်းရှိသည့် လူသားများဖြစ်သည်။ ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သည်မည်သူမည်ဝါဖြစ်ကြောင်း ကိုယ်ပိုင်ဆုံးဖြတ်ချက်ရှုထောင့်တစ်ခုရှိသည်။ ၎င်းကို စတင်နားလည်လာပြီး၊ ကျွန်ုပ်တို့သည် မည်သူမည်ဝါဖြစ်ကြောင်း ဤရှုထောင့်သုံးမျိုးနှင့်ပတ်သက်၍ သမ္မာကျမ်းစာပြောပုံကို နားလည်လာသည့်အခါ၊ ကျွန်ုပ်တို့၏စိတ်၊ ဆန္ဒနှင့် စိတ်ခံစားချက်များကြားဆက်နွယ်မှုအကြောင်း သမ္မာကျမ်းစာပြောဆိုပုံသည် အချိုးညီညီအပြန်အလှန်မှီခိုနေခြင်းဖြစ်သည်။ Symbiotic ဆိုသည်မှာ ဆက်ဆံရေးသည် နည်းလမ်းနှစ်ခုလုံးသို့ စီးဆင်းသွားနိုင်သည်ကို ဆိုလိုသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ စိတ်ခံစားမှုများသည် မှန်ကန်သော တွေးခေါ်မှုမှ ဖြစ်ပေါ်လာသည်။ သို့သော် အမှန်တကယ်တွင် တစ်ခါတရံ မှန်ကန်သောစဉ်းစားတွေးခေါ်မှုများသည် မှန်ကန်သောစိတ်လှုပ်ရှားခံစားချက်များမှ ဖြစ်ပေါ်လာတတ်သည်။ တစ်ခါတစ်ရံ စိတ်ခံစားမှုများသည် ကျွန်ုပ်တို့ မည်သို့ပြုမူသည်ကို သရုပ်ဖော်ပြသည်။ တခါတရံတွင် အပြုအမူသည် ကျွန်ုပ်တို့၏စိတ်ခံစားမှုကို သရုပ်ဖော်ပြသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့မည်သူမည်ဝါဖြစ်သည်ဟူသော ရှုထောင့်သုံးခုစလုံးသည် အချင်းချင်း အပြန်အလှန် သရုပ်ဖော်ပေးကြပြီး၊ ကျွန်ုပ်မည်သူဖြစ်သည်ကို ကျွန်ုပ်မည်သို့ရှုမြင်ပုံနှင့် အခြားသူများသည် စိတ်ခံစားမှုဆိုင်ရာလူသားများဖြစ်သည်ကိုရှုမြင်ပုံတို့ကို ဟန်ချက်ညီစေခဲ့သည်။
>
> **ဒေါက်တာ M. B.**

လူတိုင်းသည် ခရစ်ယာန်ထုံးတမ်းစဉ်လာများ၏ သဘောထားများကို မတူညီသောနည်းလမ်းများဖြင့်အကဲဖြတ်ရမည်ဟု ပြောရန်မလိုပါ။ သို့သော် ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများသည် ဤလမ်းညွှန်ချက်များတစ်ခု သို့မဟုတ် နှစ်ခုကို အလေးပေးခြင်းဖြင့် ယေဘုယျအားဖြင့် ၎င်းတို့၏ ထူးခြားသော လက္ခဏာများကို ရှာဖွေတွေ့ရှိသည်ဟု ဆိုခြင်းသည် တရားမျှတပါသည်။

ယခု ကျွန်ုပ်တို့သည် ခရစ်ယာန်ထုံးတမ်းစဉ်လာများ၏ အယူအဆကို သတ်မှတ်ပြီး၊ ထိုကဲ့သို့သော ထုံးတမ်းစဉ်လာများကို ပြသလေ့ရှိသည့် သဘောထားမျိုးများကို တွေ့မြင်ရသည့်အတွက်၊ ဓမ္မပညာတည်ဆောက်ခြင်းဆိုင်ရာ ဤသင်ခန်းစာများအတွက် အရေးကြီးသော ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများကို အသိအမှတ်ပြုသင့်ပါသည်။

## ထုံးတမ်းစဉ်လာများ၏ အရေးပါမှု

ရိုးရိုးရှင်းရှင်းပြောရလျှင်၊ ထုံးတမ်းစဉ်လာများ၏ အရေးပါမှုကိုသတိပြုမိခြင်းတွင် အရေးကြီးသော အခန်းကဏ္ဍနှစ်ခုပါဝင်သည်_ ပထမ၊ ၎င်းသည် ကျွန်ုပ်တို့အား မိမိကိုယ်ကို ပိုမိုနားလည်လာစေရန် ကူညီပေးသည်။ ဒုတိယ၊ ၎င်းသည် အခြားသူများအကြောင်း ပိုနားလည်ရန် ကူညီပေးသည်။ ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများအရ မိမိကိုယ်ကို မည်သို့မြင်သင့်သည်ကို ခေတ္တမျှစဉ်းစားကြည့်ကြပါစို့။

## မိမိကိုယ်ကို သတိထားခြင်း

မကြာသေးမီဆယ်စုနှစ်များအထိ၊ ရှေ့ဆောင်လောကီဒဿနပညာရှင်များသည် သမ္မာတရားကို ရှာဖွေခြင်းသည် ကျွန်ုပ်တို့အား အထူးသဖြင့် ဘာသာရေးထုံးတမ်းစဉ်လာများ၏ ချည်နှောင်ခြင်းမှ လွတ်မြောက်ရန် လိုအပ်မှုကြောင့်ဖြစ်သည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ ဤအမြင်သည် အနောက်တိုင်းယဉ်ကျေးမှုများတွင် အလွန်ဩဇာလွှမ်းမိုးလာခဲ့ပြီး ရည်ရွယ်ချက်ကောင်းမွန်သော ဧဝံဂေလိခရစ်ယာန်များသည် ၎င်းကိုသူတို့ကိုယ်တိုင်အတွက် လက်ခံကျင့်သုံးလေ့ရှိကြသည်။ ကောင်းစွာတည်ဆောက်ထားသော ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာတစ်ခုမှ ဆွဲထုတ်ယူခြင်း၏တန်ဖိုးကို အတည်ပြုမည့်အစား၊ သမ္မာကျမ်းစာတွင် ဘုရားသခင်ဖော်ပြထားသည့် သမ္မာတရားကိုလိုက်လျှောက်သကဲ့သို့ ကျွန်ုပ်တို့သည် ထုံးတမ်းစဉ်လာအားလုံးကို ဖယ်ထားသင့်သည်။

ထုံးတမ်းစဉ်လာများသည် ကျွန်ုပ်တို့၏ဓမ္မပညာကို မလွှမ်းမိုးသင့်ဟူသောအယူအဆသည် အလွန်ရေပန်းစားပြီး၊ ဉာဏ်အလင်းပေးခြင်းခေတ်သစ်ဝါဒ၏ ရှုထောင့်များစွာသည် ထောက်ခံထား သည်။ ဉာဏ်အလင်းပေးခြင်းမှ သမ္မာကျမ်းစာကို ပညာရပ်ဆိုင်ရာ အလေးအနက်လေ့လာခြင်း၏ ပန်းတိုင်မှာ ဓမ္မပညာဆိုင်ရာ မလိုမုန်းထားမှုများနှင့် ထုံးတမ်းစဉ်လာများမှ မိမိကိုယ်ကို ခွဲထားရန် ဖြစ်သည်။ ခရစ်ယာန်ယုံကြည်ခြင်း၏ဆင်ခြင်တုံတရားကို ခုခံကာကွယ်ရန်ကြိုးပမ်းမှုတွင် ၎င်းသည် Descartes ၏နည်းလမ်းဖြစ်သည်ကို သင်မှတ်မိပါလိမ့်မည်။ အသိပညာကို ယုံကြည်ချက်သက်သက်နှင့် ရှင်းရှင်းလင်းလင်း ပိုင်းခြားသိမြင်နိုင်ရန် အရာအားလုံးကို Descartes သည်သံသယဝင်ခဲ့သည်။ အယူသီးမှုနှင့်ဘာသာရေး ထုံးတမ်းစဉ်လာမျှသာဖြစ်သည့် ယုံကြည်ချက်များအား ရည်မှန်းချက်၊ ဆင်ခြင်တုံတရားရှိသောသမ္မာတရားကို ရှာဖွေရာတွင် စွန့်ပစ်ရမည်ဖြစ်သည်။

ယခုအခါ၊ နည်းလမ်းများစွာဖြင့်၊ ၎င်းတို့၏ ဘာသာရေးအမွေအနှစ် သို့မဟုတ် သီးခြားခရစ်ယာန် ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများကို ခွဲထားရန် ကြိုးပမ်းသောကျောင်းသားများသည် ဉာဏ်အလင်း ပေးခြင်းနှင့် Cartesian စံနှုန်းများကို ဓမ္မပညာတွင် ကျင့်သုံးနေကြသည်။ ဝမ်းနည်းစရာမှာ၊ ဤဓမ္မပညာကို ချဉ်းကပ်ခြင်းသည် မကြာသေးမီရာစုနှစ်များအတွင်း အနောက်တိုင်းအသင်းတော်တွင် ကျွန်ုပ်တို့တွေ့ ခဲ့ရသည့် အယူဖောက်ပြန်မှုများအတွက် တာဝန်ရှိပါသည်။ မျက်မှောက်ခေတ်လစ်ဘရယ်ဝါဒသည် ဤ ခေတ်သစ်ဉာဏ်အလင်းပေးခြင်းအစီအစဉ်အား ဓမ္မပညာသို့ အသုံးချခြင်း၏ရလဒ်ဖြစ်သည်။ သို့သော် ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများကို ကိုင်တွယ်ဖြေရှင်းရန် သာ၍ကောင်းသောနည်းလမ်းတစ်ခုရှိ သည်။ ဓမ္မပညာဆိုင်ရာလမ်းညွှန်ချက်များနှင့် ကျွန်ုပ်တို့ကိုယ်ကို ခွဲထားရန်ကြိုးစားခြင်းထက်၊ မိမိကိုယ် ကို သတိရှိရန် ကြိုးစားခြင်းသည် ပို၍အထောက်အကူ ဖြစ်စေပါသည်။ တစ်နည်းဆိုရသော်၊ ကျွန်ုပ်တို့ သည် ဓမ္မပညာတစ်ခုတည်ဆောက်ရာတွင် ကျွန်ုပ်တို့အား အစဉ်လွှမ်းမိုးနေသော အမွေအနှစ်များအ ကြောင်း ပိုမိုသိရှိနားလည်လာခြင်းသည် ကျွန်ုပ်တို့အတွက် အကျိုးရှိသည်။ ကိုယ်တိုင်သတိပြုမိခြင်း သည် ကျွန်ုပ်တို့အား ဤလွှမ်းမိုးမှုအချို့ကို အကဲဖြတ်ပြီး စီမံခန့်ခွဲနိုင်စေပါသည်။

> ကျွန်ုပ်တို့သည် ယဉ်ကျေးမှုများ၊ လောကအမြင်များအကြားတွင် တည်ရှိနေ ကြပါသည်။ ကျွန်ုပ်တို့သည် ကျောက်ပြားအလွတ် tabula rasa မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ပိုင် ယူဆချက်များစွာ၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကြိုတင်တွေးခေါ်မှုများကို သမ္မာကျမ်းစာသို့ ယူဆောင်လာပါသည်...သို့သော် ကျွန်ုပ်တို့သည် အကြောင်းရင်းများစွာ၏လွှမ်းမိုးခြင်းကိုခံထားရကြောင်း နားလည်သဘောပေါက်သည်။ ကျွန်ုပ်၏ဂိုဏ်းဂဏ၊ ဂိုဏ်းဂဏမဟုတ်သော၊ ကျွန်ုပ်၏ယခင်သွန်သင်ချက်များ၊ မိဘများ၊ မိတ်ဆွေသူငယ်ချင်းများ၊ တစ်လောကလုံး၊ နည်းလမ်းပေါင်းစုံ၊ ပုံသဏ္ဍာန်များနှင့် ပုံစံမျိုးစုံမှ သတင်းအချက်အလက်များဖြင့် ကျွန်ုပ်တို့သည် နစ်မွန်းနေပါသည်။ ထိုအရာများအားလုံးသည် သမ္မာကျမ်းစာကို ကျွန်ုပ်မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုသည်အပေါ် ကူးစက်နိုင်သည်။ ထို့ကြောင့် ကျွန်ုပ်ထိုနေရာသို့တဖန်သွားသည့်အခါ နှိမ့်ချမှုနှင့်အတူ၊ ရိုသေလေးစားမှုနှင့် သွားရမည်။ ကျွန်ုပ်၏အပြစ်သဘောသဘာဝနှင့် တစ်ချို့အရာများကို ပြောင်းလဲလိုသောစိတ်ဆန္ဒများကို နားလည်သဘောပေါက်ရမည်။ ထို့ကြောင့် ယခု ကျွန်ုပ်၏ အတွေးအမြင်များနှင့် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်ဟု ကျွန်ုပ် ခံယူထားသည်ကို မည်သို့ ပိုင်းခြားနိုင်မည်နည်း။ ထို့ကြောင့်၊ ကျွန်ုပ်သည် အဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုင်ရာ နည်းစနစ်များနှင့် ကျွန်ုပ်တို့၏ သန့်ရှင်းသောခမည်းတော်အား ကြည်ညိုလေးစားခြင်းကို မည်သည့်အရာထက်မဆို လိုက်နာရမည်ဖြစ်သည်။

**ဒေါက်တာ Thaddeus J. James, Jr.**

မိမိကိုယ်ကို မေးခွန်းများမေးခြင်းသည် အလွန်အထောက်အကူဖြစ်စေပါသည်။ ပထမ၊ သင်သည် မည်သည့်အသင်းတော်၏ အသင်းအဖွဲ့ခွဲကို အိမ်ဟု ခေါ်သနည်း။ ဂိုဏ်းဂဏတစ်ခု သို့မဟုတ် တစ်စုံတစ်ရာလှုပ်ရှားမှုကို သင်တွေးပေလိမ့်မည်။ ၎င်းသည် တရားဝင် သို့မဟုတ် အလွတ်သဘောအသင်းအဖွဲ့တစ်ခု ဖြစ်နိုင်သည်။ ထုံးတမ်းစဉ်လာတစ်ခုထက်ပိုသော သို့မဟုတ် ထုံးတမ်းစဉ်လာများကို ပေါင်းစပ်လိုက်နာခြင်းဖြစ်နိုင်သည်။

၎င်းအပြင် သင့်ထုံးတမ်းစဉ်လာ၏ ယေဘုယျသဘောထားများကား အဘယ်နည်း။ သင့်အသင်းတော်၏အသင်းအဖွဲ့ခွဲသည် ရှေးရိုးစွဲဝါဒ orthodoxy၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis (သို့) မှန်ကန်သောခံစားမှု Orthopathos ကို အဓိကအလေးပေးပါသလား။ တစ်နည်းဆိုရသော် သင်သည် အယူဝါဒ၊ အပြုအမူ သို့မဟုတ် စိတ်ခံစားမှုများကို အလေးထားပါသလား။ သင်၏ယုံကြည်ခြင်းတွင် မည်သည့်အရာသည် သင့်အား လှုံ့ဆော်ပေးသနည်း။ ခရစ်တော်၌ သင့်အသက်တာကို မည်သည့်အရာသည် ခွန်အားဖြစ်စေသနည်း။ ဤအခြေခံသဘောထားများကို သင်ဖော်ထုတ်ပြီးနောက်၊ အောက်ပါကဲ့သို့သောမေးခွန်းများမေးခြင်းဖြင့် သင့်ထုံးတမ်းစဉ်လာစရိုက်လက္ခဏာကို ပိုမိုခွဲခြားသိမြင်နိုင်ပါသည်_ မည်ကဲ့သို့သော အယူဝါဒမျိုးများသည် အရေးကြီးဆုံးနည်း။ မည်သည့်အပြုအမူများကို အလေးပေးဆုံးနည်း။ မည်သည့်ခံစားချက်များအား လက်ခံနိုင်မည် သို့မဟုတ် လက်မခံနိုင်ဟု ယူမှတ်ကြသနည်း။ ဤမေးခွန်းမျိုးများကို သင်ဖြေနိုင်သောအခါတွင်၊ သင်သည် သင်၏ကိုယ်ပိုင်ခရစ်ယာန်ဓမ္မပညာကို ပြုစုပျိုးထောင်ခြင်းဖြင့် သင့်နောက်ခံ၏လွှမ်းမိုးမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ပါလိမ့်မည်။

ယခုအခါ ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများ၏ အရေးပါမှုကို စဉ်းစားသောအခါတွင်၊ မိမိကိုယ်ကိုသတိပြုမိရန်နှင့် ကျွန်ုပ်တို့အပေါ်ထုံးတမ်းစဉ်လာများ၏ အကျိုးသက်ရောက်မှုများသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ထုံးတမ်းစဉ်လာများသည် အခြားသူများကို မည်ကဲ့သို့ လွှမ်းမိုးနိုင်သည်ကိုလည်း သိရှိထားသင့်ပါသည်။

## အခြားသူများကို သတိပြုခြင်း

အခြားယုံကြည်သူများနှင့် ဓမ္မပညာကို ဆွေးနွေးသည့်အခါတိုင်း၊ အသင်းအဖွဲ့များနှင့် ဓလေ့ထုံးတမ်းများသည် ကျွန်ုပ်တို့အပေါ် လွှမ်းမိုးမှုရှိကဲ့သို့ပင်၊ ၎င်းတို့အားလည်း ကြီးမားစွာ လွှမ်းမိုးထားကြောင်း အမြဲသတိရနေရမည်ဖြစ်သည်။ ၎င်းတို့ပိုင်ဆိုင်ထားသော ဓမ္မပညာဆိုင်ရာလမ်းကြောင်းသည် သူတို့၏ ခံယူချက်များကိုလည်း ရှင်းပြနိုင်သည်။ အခြားခရစ်ယာန်များသည် ကျွန်ုပ်တို့၏ကိုယ်ပိုင်အစီအစဉ်နှင့် အလွန်ကွာခြားနိုင်သည်ဟု ဆိုလိုသည်။ ၎င်းတို့တွင် မတူညီသော ဦးစားပေးမှုများ၊ အားသာချက်များနှင့် အားနည်းချက်များ ရှိနိုင်သည်။ အခြားသူများအကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုလေလေ၊ ကျွန်ုပ်တို့၏ အပြန်အလှန်ဆက်သွယ်မှုများသည် ပို၍အကျိုးရှိလေဖြစ်ပြီး မလိုအပ်သော စိတ်ဝမ်းကွဲပြားမှုများကို ရှောင်ရှားနိုင်လေဖြစ်သည်။

> အခြားယုံကြည်သူများ သို့မဟုတ် အခြားအသင်းတော်များ၏ ဓမ္မပညာဆိုင်ရာ ထုံးတမ်းစဉ်လာကို သိရှိနားလည်မှုရှိခြင်းသည် အလွန်အရေးကြီးသောကြောင့် ယနေ့ကျွန်ုပ်တို့မြင်တွေ့နေရသည့်အတိုင်း အသင်းတော်သည် ကွဲပြားလျက်ရှိပြီး၊ အများစုမှာ၊ ဂိုဏ်းဂဏခွဲအတားအဆီးများတစ်လျှောက် ကွဲပြားနေပြီး အချိန်အများစုသည် ဂိုဏ်းဂဏအားလုံးသဘောတူညီချက်နှင့် မသက်ဆိုင်သော်လည်း၊ ကျွန်ုပ်တို့၏အသင်းတော်များတွင်ရှိသော ထုံးတမ်းစဉ်လာများကို သတ်မှတ်ခြင်းနှင့် သက်ဆိုင်သည်။ ခရစ်ယာန်များနှင့် ဂိုဏ်းဂဏများကြားတွင် အကျိုးကျေးဇူးများ အပြန်အလှန်ဖြစ်ထွန်းလိုပါက အချင်းချင်း၏ ထုံးတမ်းစဉ်လာများကို သိရှိပြီးထိုထုံးတမ်းစဉ်လာကိုလည်း လေးစားရန်မှာ အလွန်အရေးကြီးပါသည်။ သူတို့၏ထုံးတမ်းစဉ်လာကို သိရှိသာမကဘဲ၊ သူတို့အဘယ်ကြောင့် ထုံးတမ်းစဉ်လာများကို ယုံကြည်နေကြောင်းနှင့် အဘယ်ကြောင့် ထိုထုံးတမ်းစဉ်လာများ သူတို့တွင်ရှိနေကြောင်းသိရန် အရေးကြီးပါသည်...တစ်နည်းအားဖြင့်၊ သူတို့လုပ်ဆောင်နေမှုများကို လေးစားရန်ဖြစ်ပြီး၊ နှစ်ဦးနှစ်ဘက်လုံးအတွက် အကျိုးရှိစေမည့် အဓိပ္ပာယ်ရှိသော အပြန်အလှန်ဆက်ဆံရေးများရှိရန် လမ်းခင်းပေးနိုင်တဲ့အပြင် ဘုရားသခင်၏အမှုတော်ကို အတူတကွလုပ်ဆောင်ခြင်းနှင့် ဘုရားသခင်၏ နိုင်ငံတော်တွင် အတူတကွလုပ်ဆောင်ခြင်းကိုလည်း မြှင့်တင်ပေးနိုင်သည်။
>
> — **Rev. Dr. Humphrey Akogyeram**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန်ဓမ္မပညာအပေါ် ကျွန်ုပ်တို့၏ရှုထောင့်ကို သတ်မှတ်ပြီး ဓမ္မပညာဆိုင်ရာထုံးတမ်းစဉ်လာများသည် ဘာသာရေးတစ်ခုတည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်ကို စဉ်းစားပြီးနောက်၊ တတိယအကြောင်းအရာဖြစ်သည့် ပြုပြင်ပြောင်းလဲရေးထုံးတမ်းစဉ်လာကို ဆက်လေ့လာသင့်သည်။ ဤသင်ခန်းစာများသည် ပြုပြင်ပြောင်းလဲရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးဓမ္မပညာဟု သတ်မှတ်ထားသော ဓမ္မပညာဆိုင်ရာရှုထောင့်များမှ နက်နက်ရှိုင်းရှိုင်းလွှမ်းမိုးနိုင်သောကြောင့် ဤအကြောင်းအရာကို ဖြေရှင်းရန် လိုအပ်ပါသည်။

# ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာ

ဓမ္မပညာ၏စာရေးဆရာများနှင့် ဆရာများသည် ၎င်းတို့၏ ဓမ္မပညာဆိုင်ရာအမြင်များ၏ဦးတည်ချက်နှင့်ပတ်သက်၍ အတတ်နိုင်ဆုံး ပွင့်ပွင့်လင်းလင်းရှိရန် လိုအပ်ကြောင်း ကျွန်ုပ်ယုံကြည်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ကျောက်ပြားအလွတ်များအဖြစ် ပြုမူခြင်းသည် မည်သူ့ကိုမျှ ကောင်းကျိုးမပေးပါ။ အမှန်ဆိုလျှင်၊ ကျွန်ုပ်တို့သည် သီးခြားခရစ်ယာန်ထုံးတမ်းစဉ်လာများကို နာခံရုံမျှဖြင့် မလိုက်နာသင့်ပါ။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ အခွင့်အာဏာကို အပြည့်အဝတင်ပြရန် အမြဲကြိုးစားနေရမည်ဖြစ်သည်။ သို့သော် အနည်းဆုံးအားဖြင့်၊ ကျွန်ုပ်တို့တွင် ဤအသင်းတော် သို့မဟုတ် ထိုအသင်းတော်၏ အသင်းအဖွဲ့ခွဲနှင့် အနည်းနှင့်အများ ပိုမိုကိုက်ညီစေသော ဦးစားပေးများနှင့် အလေးပေးမှုများရှိသည်။ ဤအရာသည် အမှန်ဖြစ်ကြောင်း ဆရာများဝန်ခံသောအခါတွင်၊ ကျောင်းသားများသည် ဆရာများဖတ်ကြားသောအရာများ သို့မဟုတ် ကြားသိရာများကို အကဲဖြတ်ရန် ပိုမိုကောင်းမွန်လာပါသည်။

ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာ၏ အသွင်အပြင်များကို လေ့လာရန်၊ ကျွန်ုပ်တို့သည် ကိစ္စသုံးရပ်ကို လေ့လာကြည့်ပါမည်_ ပထမ၊ ဤအသင်းတော်၏အသင်းအဖွဲ့ခွဲ၏ သမိုင်းဝင်မူလအစနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ဒုတိယ၊ ပြုပြင်ပြောင်းလဲရေး ဓမ္မပညာ၏သဘောထားများနှင့် တတိယအချက်မှာ ၎င်း၏ဓမ္မပညာဆိုင်ရာကွဲပြားခြားနားချက်အချို့ တို့ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးထုံးတမ်းစဉ်လာ၏ မူလအစနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဦးစွာကြည့်ကြပါစို့။

## မူလအစများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ

“ပြုပြင်ပြောင်းလဲရေးဓမ္မပညာ” ဟူသော ဝေါဟာရသည် ၁၆ ရာစု၏ ပရိုတက်စတင့် ပြုပြင်ပြောင်းလဲရေးမှ ဆင်းသက်လာသော်လည်း၊ ပရိုတက်စတင့် ပြုပြင်ပြောင်းလဲရေးတွင် မတူညီသော ဓမ္မပညာဆိုင်ရာလှုပ်ရှားမှုများစွာ ပါဝင်ပါသည်။ ပိုမိုထင်ရှားသောအုပ်စုများထဲတွင် ဂျာမနီနိုင်ငံရှိ Lutherans၊ ဇူးရစ်မြို့ရှိ Zwinglians နှင့် ဂျနီဗာမြို့ရှိ Calvinists တို့ဖြစ်သည်။ ကျယ်ပြန့်သောသဘောဖြင့် ဤလှုပ်ရှားမှုသုံးခုစလုံးကို ပြုပြင်ပြောင်းလဲရေးအဖြစ် ကျွန်ုပ်တို့ပြောနိုင်သော်လည်း၊ "ပြုပြင်

ပြောင်းလဲရေး" ဟူသောအသုံးအနှုန်းသည် ပရိုတက်စတင့်တတိယအုပ်စုဖြစ်သော— John Calvin ၏ဓမ္မပညာကို နက်နက်ရှိုင်းရှိုင်းလွှမ်းမိုးခဲ့သောအုပ်စုအတွက် အဓိကသက်ဆိုင်လာသည်။

ယခု ဤအသင်းတော်၏အသင်းအဖွဲ့ခွဲကို ဂျီနီဗာမြို့တွင် မည်သည့်နည်းဖြင့်မျှ ကန့်သတ်ထားခြင်းမရှိပါ။ ပြုပြင်ပြောင်းလဲရေးကာလတွင်၊ ပြုပြင်ပြောင်းလဲရေးအသင်းတော်များသည် ဧဝံဂေလိတရားအလွန်ဟောပြောကြပြီး အနောက်ဥရောပတခွင်နှင့် ကျော်လွန်၍ ပျံ့နှံ့သွားခဲ့သည်။ Calvin ကိုယ်တိုင်သည် ပြင်သစ်လူမျိုးဖြစ်ပြီး သူ့ကျောင်းသားများသည် French Huguenot လှုပ်ရှားမှုကို ဦးဆောင်ကူညီပေးခဲ့ကြပါသည်။ ဤလူငယ်ဓမ္မဆရာများသည် ၎င်းတို့၏အမှုတော်အစောပိုင်းဆယ်စုနှစ်များအတွင်း နှိပ်စက်ညှဉ်းပန်းမှုများစွာကို ခံစားခဲ့ရသည်။ သို့သော် ဂျီနီဗာ၏ဓမ္မပညာသည် အလွန်အားကောင်းသောကြောင့် ထိုနေရာတွင် ခရစ်တော်၏အသင်းတော်ကို တည်ဆောက်ရန် ပြင်သစ်နိုင်ငံသို့ လူငယ်များ ပို၍ရောက်လာကြသည်။

ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုသည် ဥရောပတစ်ခွင်တွင် ဆက်လက်ကြီးထွားခဲ့သည်။ ဂျာမနီ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဟော်လန်၊ ဟန်ဂေရီနှင့် အခြားနိုင်ငံများတွင် ထောင်နှင့်ချီသောအသင်းတော်များပေါ်ပေါက်လာခဲ့သည်။ အစောပိုင်းကာလ ပြုပြင်ပြောင်းလဲရေးဓမ္မပညာ၏ မြင့်မားသောအချက်များစွာကိုဖော်ပြသင့်သည်။ ဥပမာအားဖြင့်၊ ၁၅၆၁ ခုနှစ်တွင် Belgic Confession နှင့် ၁၅၆၃ ခုနှစ်တွင် Heidelberg Catechism တို့သည် အသင်းတော်၏ ပြုပြင်ပြောင်းလဲရေးအသင်းအဖွဲ့ခွဲတွင် အလွန်အရေးပါသည်။ ၎င်းတို့သည် ဂျီနီဗာတွင် သင်ကြားပို့ချသော ဓမ္မပညာဆိုင်ရာစနစ်၏ အစောဆုံးတင်ပြချက်အချို့ဖြစ်သည်။ ထို့အပြင် ဥရောပတိုက်ကြီးရှိ ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာ၏ ခိုင်မာသောလက်ရုံးတစ်ခုမှာ ဒတ်ချ် ပြုပြင်ပြောင်းလဲရေးအသင်းတော်ဖြစ်သည်။ Arminian ၏အငြင်းပွားမှုများကို ဖြေရှင်းရန် ၁၆၁၈ မှ ၁၆၁၉ ခုနှစ်အတွင်း Synod of Dort အတွက်အကောင်းဆုံးလူသိများသည့်— Arminius ၏သွန်သင်ချက်အပေါ်အခြေခံ၍ Calvinism နှင့် ကွဲပြားမှုတစ်ခု ဖြစ်နိုင်သည်။

> အသင်းတော်၏ ပြုပြင်ပြောင်းလဲရေးအသင်းအဖွဲ့ခွဲ၏ အစောဆုံး မြတ်သော အယူဝါဒများထဲမှ တစ်ခုမှာ Heidelberg Catechism ဖြစ်သည်။ အလေးပေးလေ့မရှိသော ပြုပြင်ပြောင်းလဲရေး ဓမ္မပညာ အကြောင်း တစ်ခုခုကိုထုတ်ဖော်ပြသထားသောကြောင့် ထိုမြတ်သောအယူဝါဒများကို ကျွန်ုပ်နှစ်သက်ပါသည်။ ပြုပြင်ပြောင်းလဲရေးဓမ္မပညာသည် တစ်ခါတစ်ရံတွင် အလွန်မြင့်မားသော အယူဝါဒဆိုင်ရာယုံကြည်ချက်တစ်ခုဟု ယူဆကြပြီး၊ လက်တွေ့ကျသောဘဝနှင့် ခရစ်ယာန်များ၏ နေ့စဉ်အတွေ့အကြုံများနှင့် အမှန်ပင်စိတ်မဝင်စားကြချေ။ သို့သော် Heidelberg Catechism သည် ဤနည်းဖြင့် စတင်သည်_ "ဘဝနှင့်သေခြင်း၌ သင်၏တစ်ခုတည်းသော နှစ်သိမ့်မှုကား အဘယ်နည်း။" ဘဝနှင့်သေခြင်း၌ သင်၏တစ်ခုတည်းသော နှစ်သိမ့်မှုကား အဘယ်နည်း။ ယခုတွင်၊ ထိုမြတ်သော အယူဝါဒများကို ရေးထားသောအချိန်အခါသည်၊ ပြုပြင်ပြောင်းလဲရေး ခရစ်ယာန်များနှိပ်စက်ညှဉ်းပန်းခံရသည့် အခြေအနေတွင် ရေးသားထားသည်ကို သင်သိထားရမည်ဖြစ်သည်။ သူတို့၏ ယုံကြည်ခြင်းအတွက် အသက်ပေးမှု အများအ

ပြားရှိခဲ့သည်။ မျှော်လင့်ချက်မှာ သူတို့သည် ဆက်လက်၍ နှိပ်စက်ညှဉ်းပန်းခံနေရပြီး သူတို့၏ ယုံကြည်ရပ်တည်ချက်ကြောင့် အများအပြား ဆက်လက်သေဆုံးနေရဦးမည်ဟု မျှော်လင့်ထားကြသည်။ ထို့ကြောင့်၊ ထိုမြတ်သောအယူဝါဒ၏ အဖွင့်ကိုသိရှိရခြင်းမှာ အံ့သြစရာပင်ဖြစ်သည်—ဤအသင်းတော်၏အသင်းအဖွဲ့ခွဲများထဲမှ အစောဆုံးအရာများထဲမှ တစ်ခုဖြစ်သည်—"အသက်ရှင်ခြင်းနှင့် သေခြင်း၌ နှစ်သိမ့်မှုတို့ကို အဘယ်မှာရနိုင်သနည်း" ဟူသော မေးခွန်းကိုမေးခဲ့သည်။ မှန်ပါသည်၊ အဖြေသည်ယေရှု၌ရှိပြီး ခမည်းတော်သည် သင့်ခေါင်းပေါ် ရှိဆံပင်များကိုပင် သိတော်မူသည်။ သင့်အသက်တာအတွက်ကိုယ်တော်၏စောင့်ရှောက်မှုနှင့် မည်သည့်အရာမျှသင့်အား ထိခိုက်စေမည်မဟုတ်ကြောင်းကို သိပါသည်။ သို့သော်၊ ၎င်း၏အစောဆုံးအဆင့်များတွင်၊ နောက်ပိုင်း၌လည်း မှန်ကန်သည်၊ အသင်းတော်၏ဤအသင်းအဖွဲ့ခွဲသည် မှန်ကန်သောခံစားမှု Orthopathos သို့မဟုတ် ကျွန်ုပ်တို့၏ယုံကြည်ခြင်း၌ စိတ်ခံစားမှုဆိုင်ရာ အခန်းကဏ္ဍကို အလွန်အလေးထားကြောင်း သိရှိရခြင်းမှာ အံ့သြဖွယ်ကောင်းပါသည်။

**ဒေါက်တာ Richard L. Pratt, Jr.**

ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာသည် ဗြိတိသျှကျွန်းစုများပေါ်တွင် သိသိသာသာ ကြီးထွားလာခဲ့သည်။ ၁၅၀၅ ခုနှစ်မှ ၁၅၇၂ ခုနှစ်အထိ နေထိုင်ခဲ့သော John Knox သည် ဂျီနီဗာတွင် ပညာသင်ကြားခဲ့ပြီး စကော့တလန်တွင် ပြုပြင်ပြောင်းလဲရေး သို့မဟုတ် Presbyterian အသင်းတော်များ တည်ထောင်ရန် ပြန်လာခဲ့သည်။ ၁၅၆၀ ခုနှစ်၏ Scots Confession သည် ထိုအချိန်မှစတင်၍ လူသိများသော စာရွက်စာတမ်းတစ်ခုဖြစ်သည်။ Puritan များသည် အခြားအဖွဲ့များနှင့်အတူ ၁၆၄၆ ခုနှစ်တွင် Westminster Confession of Faith ကိုမူကြမ်းရေးဆွဲပြီး၊ ၁၆၄၇ ခုနှစ်တွင် ပိုကြီး၍ ပိုတိုသော Catechisms များကို ထုတ်ဝေသည့် အင်္ဂလန်တွင် ပြုပြင်ပြောင်းလဲရေးသည်လည်း အမြစ်တွယ်ခဲ့သည်။ ၁၆၄၈ ခုနှစ်တွင် ကျမ်းစာကိုးကားချက်များကို ထပ်ဖြည့်သွင်းခဲ့သည်။ The Westminster Standards ဟုခေါ်သော ဤစာရွက်စာတမ်းများကို ယနေ့ခေတ် ပြုပြင်ပြောင်းလဲရေး အသင်းတော်များစွာတွင် အသုံးပြုနေဆဲဖြစ်သည်။ ဗြိတိသျှကျွန်းစုများရှိ မတူညီသောနှစ်ခြင်းခရစ်ယာန်အဖွဲ့အများသည်လည်း ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယူဆကြပြီး ၁၆၄၄ ခုနှစ်တွင် ပထမဆုံးထုတ်ဝေသော London Baptist Confession ကဲ့သို့သော စာရွက်စာတမ်းများ၌ ၎င်းတို့၏ယုံကြည်ချက်ကို ဖော်ပြခဲ့ကြသည်။

ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာသည် ကမ္ဘာ၏ အခြားနေရာများစွာသို့ ပျံ့နှံ့သွားခဲ့သည်။ အင်္ဂလိပ် Puritans နှင့် နောက်ပိုင်းတွင် စကော့တလန် Presbyterians များသည် ၎င်းကို မြောက်အမေရိကသို့ ခေါ်ဆောင်လာခဲ့သည်။ ထို့နောက် သာသနာပြုကြိုးပမ်းမှုများသည် အာဖရိက၊ အင်ဒိုနီးရှား၊ အရှေ့တောင်အာရှနှင့် တောင်အမေရိက၏ နေရာများစွာကို သယ်ဆောင်သွားသည်။

ယခု၊ ၎င်း၏သမိုင်း၏ခြေလှမ်းတိုင်းတွင်၊ ပြုပြင်ပြောင်းလဲရေးဓမ္မပညာသည် ၎င်း၏ထူးခြားသောဝိသေသလက္ခဏာများကို ဖြစ်ပေါ်စေသည့် တိုးတက်မှုများစွာရှိခဲ့သည်။ ထို့အပြင်၊ အခြားအသင်းအဖွဲ့ခွဲများအားလုံးကဲ့သို့ပင်၊ ပြုပြင်ပြောင်းလဲရေးအသင်းတော်များတွင် ကြီးမားသောကျရှုံးမှုများနှင့် အယူဖောက်ပြန်မှုများရှိခဲ့သည်။ အခက်အခဲများသည် ခရစ်တော်၏ဤကိုယ်ခန္ဓာအစိတ်အပိုင်းအား ဒုက္ခပေးနေဆဲဖြစ်သည်။ သို့သော် ယနေ့ခေတ်တွင်၊ သမ္မာကျမ်းစာနှင့်စပ်ဆိုင်သည့် ပြုပြင်ပြောင်းလဲရေးဓမ္မပညာအား ကမ္ဘာ့နေရာတိုင်းနီးပါးတွင် သင်ကြားပြီး ကျင့်သုံးလျက်ရှိသည်။

ယခု ကျွန်ုပ်တို့သည် အသင်းတော်၏ ပြုပြင်ပြောင်းလဲရေး အသင်းအဖွဲ့ခွဲ၏ သမိုင်းဝင်မူလအစများနှင့် ဖွံ့ဖြိုးတိုးတက်မှုများအကြောင်း အနည်းငယ်သိပြီးဖြစ်သဖြင့် ၎င်း၏ဓမ္မပညာဆိုင်ရာ သဘောထားများကို ဆက်ကြည့်ကြပါစို့။

## သဘောထားများ

ခရစ်ယာန်ထုံးတမ်းစဉ်လာများတွင် အားသာချက်များရှိသော်လည်း အားနည်းချက်များလည်း ရှိကြောင်း ဤသင်ခန်းစာအစောပိုင်းတွင်ကျွန်ုပ်တို့ထောက်ပြခဲ့သည်။ အမှန်တွင်၊ ကျွန်ုပ်တို့၏အကြီးမားဆုံးခွန်အားသည် ကျွန်ုပ်တို့၏အကြီးမားဆုံးအားနည်းချက် ဖြစ်သွားတတ်သည်။ ကျွန်ုပ်တို့သိထားသည့်အတိုင်း၊ ရှေးယခင်က ကြီးမြတ်သောခေါင်းဆောင်များနှင့် ထောက်ခံသူများတွင်ပင်လျှင် လူ့အားနည်းချက်များရှိသည်။ ကျွန်ုပ်တို့၏ မျက်မှောက်ခေတ်အခြေအနေတွင်လည်း အလားတူပင်ဖြစ်သည်။ သို့ဆိုလျှင် ဤအခန်းဆက်ဆောင်းပါးကို လမ်းညွှန်ပေးသည့် ဓမ္မပညာဆိုင်ရာလမ်းကြောင်း၏အပြုသဘောနှင့် အပြုသဘောမဆောင်သော သဘောထားအချို့သည် အဘယ်နည်း။

ခရစ်ယာန်ထုံးတမ်းစဉ်လာဆိုင်ရာ သဘောထားများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အစောပိုင်းဆွေးနွေးမှုတွင်၊ ပြုပြင်ပြောင်းလဲရေး ဓမ္မပညာရှင်များသည် မည်သည့်အရာကို တန်ဖိုးအထားဆုံး_ ရှေးရိုးစွဲဝါဒ orthodoxy၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis  သို့မဟုတ် မှန်ကန်သောခံစားမှု Orthopathos ဖြစ်ကြောင်းကိုမေးသင့်သည်။ ရာစုနှစ်များတစ်လျှောက်တွင်၊ ရှားရှားပါးပါးခြွင်းချက်အချို့နှင့်အတူ ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာသည် ရှေးရိုးစွဲဝါဒ orthodoxy ကို အဓိကအလေးပေးခဲ့ပြီး မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis ကို ဒုတိယအလေးပေးကြောင်း ထင်ရှားပါသည်။ အချို့သော Puritan စာပေအရေးအသားများမှလွဲ၍ မှန်ကန်သောခံစားမှု Orthopathos သည် အာရုံစူးစိုက်မှု သိပ်မရရှိခဲ့ပါ။

အယူဝါဒနှင့် တာဝန်သည် မှန်ကန်သောခံစားမှု Orthopathos ၏လက်တွေ့ဖယ်ထုတ်ခြင်းကို အလေးပေးသောအခါ၊ ကျွန်ုပ်တို့၏အယူဝါဒအပေါ် အလေးထားမှုသည် ပညာတတ်ဝါဒဆီသို့ ဦးတည်နေပြီး၊ တရားဝင်ဝါဒကိုအလေးထားဆောင်ရွက်ပါသည်။ ရှေးရိုးစွဲဝါဒ orthodoxy နှင့်မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis တို့သည် ပြုပြင်ပြောင်းလဲရေး ဓမ္မပညာ၏ သဘာဝသဘောထားများဖြစ်ပြီး နှစ်ခုလုံးသည် ခရစ်တော်၏ကိုယ်ခန္ဓာ၏ ဤအစိတ်အပိုင်းအတွက် အားသာချက်များနှင့်အားနည်းချက်များဖြစ်သည်။ ထို့ကြောင့်၊ ပိုကောင်းသည်ဖြစ်စေ ပိုဆိုးသည်ဖြစ်စေ၊ ဤသင်ခန်းစာများ

သည် ဤထုံးတမ်းစဉ်လာအားဖြင့် လွှမ်းမိုးခံထားသောကြောင့်၊ ဤသဘောထားများသည် အားသာချက်များနှင့် အားနည်းချက်များအဖြစ် ဤသင်ခန်းစာများတွင် အကြိမ်ကြိမ်ပေါ်လာနိုင်ဖွယ်ရှိသည်။

ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာ၏မူလအစနှင့် သဘောထားများကို သုံးသပ်ပြီးနောက်၊ အထူးသဖြင့် ဤထုံးတမ်းစဉ်လာသည် ဓမ္မပညာ၏ အခြားရှုထောင့်များထက် အယူဝါဒကို အလေးပေးသောကြောင့် ၎င်း၏ ပိုမိုထင်ရှားသော အယူဝါဒဆိုင်ရာ ကွဲပြားခြားနားချက်အချို့ကို သုံးသပ်သင့်သည်။ ဤအင်္ဂါရပ်များကို နားလည်သဘောပေါက်ခြင်းဖြင့် ဤသင်ခန်းစာများတွင် တင်ပြထားသောအမြင်များကို ပိုမိုသေချာစွာ အကဲဖြတ်ရန် အထောက်အကူပြုပါလိမ့်မည်။

# ကွဲပြားခြားနားချက်များ

အသင်းတော်၏ ဤအသင်းအဖွဲ့ခွဲကို ထူးခြားစေသည့် လက္ခဏာရပ်လေးရပ်ကို ကျွန်ုပ်တို့ဖော်ပြပါမည်_ပထမ၊ ပြုပြင်ပြောင်းလဲရေး၏ "*Solas* ငါးခု" အဖြစ် အင်္ဂလိပ်ဘာသာ၌ သိလာခြင်းဖြစ်သည်။ ဒုတိယ၊ သမ္မာကျမ်းစာ၏စည်းလုံးညီညွတ်မှု။ တတိယ၊ ဘုရားသခင်၏အယူဝါဒနှင့် စတုတ္ထ၊ ခရစ်ယာန်ဘာသာနှင့် လူ့ယဉ်ကျေးမှုကြား ဆက်နွှယ်မှုဆိုင်ရာ ထူးခြားသောချဉ်းကပ်မှုတို့ ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး ဓမ္မပညာ၏ Solas ငါးခုကို ဦးစွာကြည့်ကြပါစို့။

## Solas ငါးခု

၂၀ ရာစုကပင်၊ Solas ငါးခု သို့မဟုတ် လက်တင်ဘာသာဖြင့် *Solae* ကိုပြောဆိုလေ့ရှိသည်။ ဤအယူဝါဒများတွင် "တစ်ကိုယ်တည်း" သို့မဟုတ် "တစ်ခုတည်း" ဟုအဓိပ္ပာယ်ရသော "sola" ဟူသော ဝေါဟာရပုံစံများပါဝင်သောထုတ်ပြန်ချက်များတွင် ထုံးတမ်းစဉ်လာအရ အကျဉ်းချုပ်ဖော်ပြထားသည်။ ဧဝံဂေလိအသင်းတော်များသည် ဤအရာများမှအချို့ကို ကြားဖူးကြပေသည်_ *sola Scriptura,* "သမ္မာကျမ်းစာတစ်ခုတည်း၊" *Sola Christo,* "ခရစ်တော်တစ်ပါးတည်း၊" *sola fide,*"ယုံကြည်ခြင်းတစ်ခုတည်း၊" *sola gratia,*"ကျေးဇူးတော်တစ်ပါးတည်း၊" နှင့် *Soli Deo Gloria,*"ဘုရားသခင်တစ်ပါးတည်းကိုသာ ချီးမြောက်ပါ၏။"

သမ္မာကျမ်းစာတစ်ခုတည်း Sola Scriptura သည် သမ္မာကျမ်းစာသည် တစ်ခုတည်းသော ယုံကြည်ခြင်းနှင့် အသက်တာအတွက် အမှားမရှိသောစည်းမျဉ်းဖြစ်သည်ဟူသော အယူဝါဒဖြစ်သည်။ ၎င်းသည် ရိုမန်ကက်သလစ်ယုံကြည်ချက်ဖြစ်သည့် အသင်းတော်ကိုယ်တိုင်သည်၊ သမ္မာကျမ်းစာမှလွဲ၍၊ ecumenical council သို့မဟုတ် ပုပ်ရဟန်းမင်းကြီးမှတဆင့် ဖော်ပြနိုင်သည့်မမှားနိုင်သော ထုံးတမ်းစဉ်လာတစ်ခု ပိုင်ဆိုင်ကြောင်းခံယူချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

ယေရှုခရစ်သည် ဘုရားသခင်နှင့် လူသားအကြား တစ်ခုတည်းသော ဖျန်ဖြေသူဖြစ်ကြောင်း *Solo Christo* အတည်ပြုသည်။ ၎င်းသည် သန့်ရှင်းသူများအား သို့မဟုတ် မာရိအား ဖျန်ဖြေပေးသူအဖြစ် မျှော်လင့်သူများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ခရစ်တော်သည် တစ်ပါးတည်းသော ကယ်တင်ရှင်ဖြစ်ပြီး၊ အပြစ်သားများသည် အပြစ်တရားမှလွတ်မြောက်ရန်အတွက် သူ့ထံလှည့်လာနိုင်သည့် တစ်ဦးတည်းသောသူနှင့် ဘုရားသခင်၏ အမျက်တော်မှလွတ်မြောက်စေနိုင်သောသူ ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

*Sola fide* (သို့) "ယုံကြည်ခြင်းတစ်ခုတည်း" သည် လူသား၏ကြိုးစားအားထုတ်မှု သို့မဟုတ် လူသား၏လုပ်ဆောင်မှုကဲ့သို့သော အခြားမည်သည့်နည်းလမ်းဖြင့်မျှမဟုတ်ဘဲ၊ ယုံကြည်ခြင်း၏ အရေးပါသောကဏ္ဍတစ်ခုတည်းအားဖြင့် ယုံကြည်သူများကို ဖြောင့်မတ်စေသောအယူဝါဒဖြစ်သည်။

*Sola gratia* "ကျေးဇူးတော်တစ်ပါးတည်း" သည် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကယ်တင်ခြင်း၏ကောင်းချီးများကို ပေးဆောင်ပုံကို ဖော်ပြသည်။ ဘုရားသခင်သည် မိမိရွေးချယ်ထားသော လူများကို ထာဝရကာလမှစ၍ ကျေးဇူးပြုတော်မူသည်။ ခရစ်တော်၏ထိုက်တန်ခြင်းအားအခြေခံ၍ ကျွန်ုပ်တို့အား ဖြောင့်မတ်စေပြီး ကျွန်ုပ်တို့၏အပေါ် ထိုထိုက်တန်ခြင်းများကို မှတ်တော်မူသည်။

*Sola gratia* သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ပံ့ပိုးပေးသောကိုယ်ပိုင်အရည်အချင်း မရှိဟု အခိုင်အမာဆိုသည်။ ထာဝရရွေးကောက်ခြင်းမှ ထာဝရချီးမြှောက်ခြင်းအထိ ကယ်တင်ခြင်း လုပ်ငန်းစဉ်တစ်ခုလုံးသည် ဘုရားသခင်၏ကျေးဇူးတော်ပေါ်တွင်သာ အခြေခံသည်။

"ဘုရားသခင်တစ်ပါးတည်းကိုသာ ချီးမြှောက်ပါ၏" ဟု အဓိပ္ပာယ်ရသည့် *Soli Deo gloria* သည် ဖန်ဆင်းခံများနှင့် ဖန်ဆင်းခြင်းဆိုင်ရာ လုပ်ဆောင်မှုအားလုံးသည် နောက်ဆုံးတွင် ဘုရားသခင် တစ်ပါးတည်းသာ ဘုန်းထင်ရှားစေရန် ရည်ရွယ်ထားသည့် အယူဝါဒဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး သမားများသည် ဤဆောင်ပုဒ်ကို အသုံးပြုခဲ့ကြသည်။ အကြောင်းမှာ ဘုရားသခင်တစ်ပါးတည်းသာ ပိုင်ဆိုင်သည့်ဂုဏ်အသရေကို ရှုတ်ချကာ၊ လူသားများအတွက် အတိုင်းအတာတစ်ခုအထိ ကုသိုလ် ကောင်းမှုရှိသည်ဟု သတ်မှတ်သည့် အယူဝါဒများကို သူတို့သည်ဆန့်ကျင်သည်။

*Solas* အပြင်၊ ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာ၏ နောက်ထပ်ထူးခြားချက်တစ်ခုသည် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများ စည်းလုံးညီညွတ်မှုအပေါ် ၎င်း၏ရှုမြင်ခြင်းဖြစ်သည်ကို သတိပြုရန် အရေးကြီးသည်။

## သမ္မာကျမ်းစာ၏ စည်းလုံးညီညွတ်ခြင်း

မကြာသေးမီတွင်၊ မြောက်အမေရိကရှိ ဧဝံဂေလိအသင်းတော်များနှင့် ၎င်းတို့၏ ဩဇာလွှမ်းမိုးမှု အောက်တွင် ရောက်ရှိလာသူများအတွက် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းကြားတွင် အခြေခံခြားနားမှု ရှိကြောင်း ယုံကြည်လာကြသည်။ ယေဘူယျအားဖြင့် ဓမ္မဟောင်းကျမ်းအား ပညတ်တရားအဖြစ် ရှုမြင် ကြပြီး၊ ဓမ္မသစ်ကျမ်းကို ဧဝံဂေလိတရားအဖြစ် ရှုမြင်ကြသည်။ ဓမ္မဟောင်းကျမ်းကို ဖိစီးမှုအလုပ်ဟု ယူဆနိုင်သော်လည်း ဓမ္မသစ်ကျမ်းသည်ကျေးဇူးတော်အား အလေးပေးဖော်ပြသည်။ ဓမ္မဟောင်းကျမ်း သည် တရားစီရင်ခြင်းသာယူဆောင်လာသည်ဟုထင်မြင်ပြီး၊ ဓမ္မသစ်ကျမ်းသည် ကယ်တင်ခြင်းရရှိစေ သည်။

ဆန့်ကျင်ဘက်အားဖြင့်၊ ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာသည် သမ္မာကျမ်းစာတစ်ခုလုံးနှင့် ပတ်သက်၍ ပေါင်းစည်းထားသော ဓမ္မပညာကိုတင်ပြခြင်းအဖြစ် ရှုမြင်သည်။ ပညတ်တရားသည် ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်း နှစ်ခုလုံးတွင်ရှိသည်။ ဧဝံဂေလိတရားသည် နှစ်ခုစလုံးတွင်ရှိသည်။ ကျမ်းနှစ်ခုလုံးတွင် ကောင်းမွန်သောအကျင့်များ လိုအပ်သည်။ ကျမ်းနှစ်ခုလုံးတွင် ဘုရားကျေးဇူးတော် သည် ကယ်တင်ခြင်းကို ယူဆောင်ပေးသည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းနှစ်ခုလုံးတွင် တရားစီရင်ခြင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှိပြီး၊ ကယ်တင်ခြင်းသည် ဓမ္မသစ်နှင့် ဓမ္မဟောင်းနှစ်ခုလုံးတွင်ပါဝင်သည်။ ယခု၊ ဓမ္မကျမ်းများကြားတွင် ကွဲပြားမှုများရှိသော်လည်း၊ ဤကွဲပြားမှုများသည် ဖွံ့ဖြိုးတိုးတက်လာပါသည်။ ဆိုလိုသည်မှာ၊ ၎င်းတို့သည် အစောပိုင်းကာလများမှ နောက်ပိုင်းကာလများအထိ သမ္မာကျမ်းစာနှင့်စပ်ဆိုင်သည့် ယုံကြည်ခြင်းတိုးတက်မှုများကို ကိုယ်စားပြုသည်။ သို့သော် ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းကြားတွင် အခြေခံဓမ္မပညာဆိုင်ရာစည်းလုံးညီညွတ်မှုတစ်ခု ရှိနေဆဲဖြစ်သည်။

> ခရစ်ယာန်များနှင့် ကျွန်ုပ်စကားပြောသောအခါ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းများသည် ဘုရားသခင်နှင့် ဧဝံဂေလိတရားအကြောင်း ဖော်ပြပုံ လုံးဝမတူကွဲပြားသကဲ့သို့ ပြုမူကြသည်။ သို့သော် သမ္မာကျမ်းစာကို အချိန်ကြာဖတ်ရှုလေ၊ အမှန်အားဖြင့် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းသည် တစ်သံတည်းဖြင့် ပြောဆိုနေခြင်းသည် ကျွန်ုပ်နှင့် အခြားသူများစွာအတွက် ပို၍ရှင်းလင်းလေဖြစ်သည်။ ဧမောက်မြို့သို့သွားရာလမ်းတွင်၊ ယေရှုသည် ဓမ္မဟောင်းကျမ်း၊ ပညတ္တိကျမ်း၊ ပရောဖက်ကျမ်းများ၊ အရေးအသားများသည် ကိုယ်တော်နှင့်ပတ်သက်၍ ပြောဆိုကြောင်း၊ ဧဝံဂေလိတရားနှင့် ဧဝံဂေလိတရား၏အကျိုးဆက်များ အကြောင်းကို တပည့်များအား ရှင်းလင်းစွာဖော်ပြခဲ့သည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာ၏ဖွဲ့စည်းပုံတစ်ခုလုံးသည် လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ ကျေးဇူးပြုခြင်းတွင် အခြေခံထားသည်။ ထို့နောက်၊ ထိုကျေးဇူးတော်၏အလင်း၌၊ ကိုယ်တော်၏အမိန့်တော်များကို နာခံကာ၊ နောက်ဆုံးတွင် သခင်ယေရှုခရစ်၏ ဂုဏ်အသရေကိုထင်ရှားစေသော အသက်တာတွင် အသက်ရှင်နေထိုင်ရန် ကျွန်ုပ်တို့ကို ခေါ်တော်မူသည်။ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းကို ဖတ်ရှုသောအခါ အသံတစ်သံဖြင့် စကားပြောနေသည်ကို ကျွန်ုပ်ကြားရသည်။ ဘုရားသခင်ပေးသော ပညတ်တော်များသည် ခရစ်တော်မပေါ်မီနှင့် နောက်ပိုင်းတွင် အချိန်၊ နေရာနှင့် အံဝင်ခွင်ကျဖြစ်နေသော်လည်း၊ ၎င်းတို့သည် တူညီသောညွှန်ပြချက်များအပေါ် အခြေခံပြီး သူ၏လူများကို တူညီသောတောင်းဆိုမှုများ ပြုသည်။

**ဒေါက်တာ J. Gary Millar**

ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းတို့ကြား ခြားနားချက်များကို ကောင်းစွာသုံးသပ်သောအခါ၊ *Westminster Confession of Faith* ရှိ အခန်း ၇၊ အပိုင်း ၆ တွင် နိဂုံးချုပ်သည်_

> စီမံခန့်ခွဲမှုအမျိုးမျိုးအောက်တွင် အနှစ်သာရအားဖြင့် ကျေးဇူးတော်ပဋိညာဉ်နှစ်ခုမရှိ၊ တစ်ခုတည်းသာရှိသည်။

ယခု သေချာသည်မှာ၊ သမ္မာကျမ်းစာ၏ စည်းလုံးညီညွတ်ခြင်းကို အလေးပေးမှုသည် ပြုပြင်ပြောင်းလဲရေး ဓမ္မပညာတွင် အမှားအယွင်းအချို့ကို ဖြစ်ပေါ်စေခဲ့သည်။ တစ်ခါတစ်ရံ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းကြား ခြားနားမှုမရှိ။ သို့တိုင်၊ သမ္မာကျမ်းစာ၏စည်းလုံးညီညွတ်မှုကို အလေးပေးမှုသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြုပြင်ပြောင်းလဲရေးဓမ္မပညာ၏ အကြီးဆုံးအားသာချက်များထဲမှတစ်ခုဖြစ်သည်။ ဤသင်ခန်းစာများတွင် ကျွန်ုပ်တို့၏ဓမ္မပညာကို မည်သို့တည်ဆောက်ရမည်ကို စူးစမ်းလေ့လာရာတွင် ဓမ္မသစ်ကျမ်းထက် ဓမ္မဟောင်းကျမ်းကို ပိုအသုံးပြုသည်ကို သင်သတိပြုမိပါလိမ့်မည်။ ကျွန်ုပ်တို့၏ပန်းတိုင်သည် ဓမ္မသစ်ကျမ်းနှင့်သာမဟုတ်ဘဲ သမ္မာကျမ်းစာတစ်ခုလုံးနှင့်ကိုက်ညီသော ဓမ္မပညာကို တည်ဆောက်ရန်ဖြစ်သည်။ ဤလေ့လာမှုများအပေါ် ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာ၏လွှမ်းမိုးမှုသည် အချိန်တိုင်းနီးပါးတွင် ဤနည်းဖြင့် ထင်ရှားလိမ့်မည်။

တတိယနေရာတွင်၊ *Solas* နှင့် သမ္မာကျမ်းစာ၏ စည်းလုံးညီညွတ်ခြင်းအပေါ်အာရုံစိုက်သည့်အပြင်၊ ပြုပြင်ပြောင်းလဲရေးဓမ္မပညာသည် ဘုရားသခင်၏အယူဝါဒနှင့်ဆက်ဆံရာတွင် ထူးခြားသော အလေးပေးမှုရှိသည်။

## ဘုရားသခင်အကြောင်း သြဝါဒသွန်သင်ချက်

> ပရိုတက်စတင့်များသည် ဘုရားသခင်အကြောင်း သြဝါဒသွန်သင်ချက်သည် သူကိုယ်တိုင်အတွက်သာမက အရေးကြီးကြောင်း အနှစ် ၅၀၀ ကတည်းကပင် အလေးပေးဖော်ပြခဲ့သည်။ အကြောင်းမှာ အခြားအယူဝါဒအားလုံးသည် ဘုရားသခင်၏အယူဝါဒအရ နားလည်ရမည်ဖြစ်သည်။ ပရိုတက်စတင့်၏ ဘုရားသခင်အကြောင်းအယူဝါဒသည် အရှေ့ပိုင်း Orthodox သို့မဟုတ် ရိုမန်ကက်သလစ်၏ ဘုရားသခင်အကြောင်းအယူဝါဒနှင့် သိသိသာသာ ကွဲပြားခြင်းမရှိပါ။ တစ်ချိန်တည်းမှာပင်၊ ပရိုတက်စတင့်များသည် သမ္မာကျမ်းစာ၏ အခြားအယူဝါဒတိုင်းသည် ဘုရားသခင်၏အယူဝါဒအရ နားလည်ရမည်ဟု ယုံကြည်သောကြောင့် ၎င်းသည် အထူးခြားဆုံးသော ပရိုတက်စတင့်အယူဝါဒဖြစ်သည်။ ထို့ကြောင့်၊ theology proper—ဓမ္မပညာရှင်များခေါ်သည့် ဘုရားသခင်အကြောင်း အယူဝါဒ —သည် ယုံကြည်သူတိုင်းအတွက် အရေးကြီးပြီး၊ ယုံကြည်သူတိုင်းတွင် မိမိတို့ကိုယ်ကို ဓမ္မပညာရှင်ဟု ယူဆသည်ဖြစ်စေ မယူဆသည်ဖြစ်စေ ဘုရားသခင်အကြောင်း အယူဝါဒတစ်ခုစီရှိကြသည်။ သူတို့၏ခရစ်ယာန်အသက်တာ အသက်ရှင်နေထိုင်ပုံအတွက် ထိုဘုရားသခင်အကြောင်း အယူဝါဒသည် အရေးကြီးသည်။
>
> **ဒေါက်တာ J. Ligon Duncan III**

သမိုင်းအရ၊ ပြုပြင်ပြောင်းလဲရေး ဓမ္မပညာသည် ဘုရားသခင်၏ ကန့်သတ်မဲ့ခြင်းနှင့် အစဉ်တည်မြဲခြင်းနှစ်ခုလုံးကို အာရုံစိုက်ထားသည်။ *Westminster Confession of Faith* ကဲ့သို့သော ပြုပြင်ပြောင်းလဲရေးစံနှုန်းများသည် ဘုရားသခင်၏ ထာဝရကန့်သတ်မဲ့နိယာမများနှင့် အစဉ်တည်မြဲသော ထောက်ပံ့မှုနှစ်ခုလုံးအကြောင်းကို အခိုင်အမာ ပြောပါသည်။ ပြုပြင်ပြောင်းလဲရေးဓမ္မပညာတွင် ဤသမိုင်းဝင်ဟန်ချက်ညီမှုသည် ဘုရားသခင်အား ကန့်သတ်မဲ့သူနှင့် အစဉ်တည်မြဲသူဟုသမ္မာကျမ်းစာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထင်ရှားဖော်ပြသည့်အချက်ဖြစ်သည်။ အချို့သောကျမ်းပိုဒ်များတွင် ကိုယ်တော်အား အရာအားလုံး ထက်သာ၍ မြင့်မြတ်သူအဖြစ် ပုံဖော်ထားသည်။ အခြားကျမ်းပိုဒ်များတွင်၊ သမ္မာကျမ်းစာသည် ကိုယ်တော်အားအစဉ်တည်ရှိပြီး၊ သမိုင်းကြောင်းနှင့် နီးကပ်စွာ ရင်းရင်းနှီးနှီး ပတ်သက်နေကာ၊ အထူးသဖြင့် သူ၏လူမျိုးများနှင့် အတူရှိနေသည်ဟု ဖော်ပြထားသည်။

သို့သော်လည်း အခြားသောခရစ်ယာန် ထုံးတမ်းစဉ်လာများနှင့် နှိုင်းယှဉ်ပါက၊ ပြုပြင်ပြောင်းလဲရေး ဓမ္မပညာ၏သဘောထားသည် ကိုယ်တော်၏အစဉ်တည်မြဲခြင်းထက် ဘုရားသခင်၏ ကန့်သတ်မဲ့ခြင်းကို အလေးပေးရန်ဖြစ်သည်။ အခြားသော ခရစ်ယာန်ထုံးတမ်းစဉ်လာများသည် ဘုရားသခင်၏ အနီးအနားရှိခြင်းနှင့် ဆက်နွယ်နေသော ဘုရားဂုဏ်တော်များဖြစ်သည့် ကိုယ်တော်၏သနားကြင်နာမှု၊ ကရုဏာတော်၊ ချစ်ခြင်းမေတ္တာနှင့် ညှာတာမှု၊ သည်းခံမှုများကို ပိုအလေးပေးလေ့ရှိသည်။ ယခုအခါ ပြုပြင်ပြောင်းလဲရေး ဓမ္မပညာသည် ဤဘုရားဂုဏ်တော်များကို အတည်ပြုပေးသည်။ သို့သော်လည်း ကိုယ်တော်၏အစဉ်တည်မြဲခြင်းနှင့် ပို၍နီးစပ်သော အခြားအကြောင်းအရာများဖြစ်သည့် ထာဝရ တည်ရှိခြင်း၊ မပြောင်းလဲနိုင်ခြင်း၊ အချုပ်အခြာအာဏာ၊ သက်သာစေခြင်း သို့မဟုတ် မိမိကိုယ်တိုင် တည်ရှိခြင်း၊ အလုံးစုံသောတန်ခိုးနှင့် ကန့်သတ်မဲ့တည်ရှိခြင်းများကို အလေးပေးဖော်ပြလေ့ရှိပါသည်။ ဥပမာ၊ Westminster Shorter Catechism ၏ ဘုရားသခင်နှင့်ပတ်သက်သည့် ပြုပြင်ပြောင်းလဲရေး အဓိပ္ပါယ်ဖွင့်ဆိုချက်ကို နားထောင်ပါ။ မေးခွန်းနံပါတ် ၄ ကို ဖြေကြားရာတွင်_

> ဘုရားသခင်ဟူသည် အဘယ်နည်း။

မြတ်သောအယူဝါဒ Catechism ဖြေဆိုသည်မှာ_

> ဘုရားသခင်သည် နာမ်ဝိညာဉ်၊ အနန္တ၊ ထာဝရနှင့် မပြောင်းလဲနိုင်သော၊ သူ၏ဖြစ်တည်မှု၊ ဉာဏ်ပညာ၊ တန်ခိုး၊ သန့်ရှင်းမှု၊ တရားမျှတမှု၊ ကောင်းမြတ်မှု၊ နှင့် သမ္မာတရား ဖြစ်သည်။

ဤအဖြေသည် မှန်ကန်ပြီး သမ္မာကျမ်းစာနှင့်အညီ ဖြစ်သည်။ သို့သော် ၎င်းသည် ကိုယ်တော်၏ အစဉ်တည်မြဲခြင်းထက် ကန့်သတ်မဲ့ခြင်းကိုအလေးပေးသည် —ထိုဂုဏ်တော်တို့သည် ကိုယ်တော်ကို အရာအားလုံးထက်ကြီးမြတ်စေသည်။

ဘုရားသခင်၏ ကန့်သတ်မဲ့တည်ရှိခြင်းကို လွန်ကဲစွာအလေးပေးသော်လည်း၊ ကန့်သတ်မဲ့တည်ရှိခြင်းကို မှန်ကန်စွာ နားလည်ခြင်းသည် ခရစ်ယာန်ဓမ္မပညာ၏ အစိတ်အပိုင်းများစွာကို မှန်ကန်စွာ သက်ရောက်စေသည်။ ထို့ကြောင့် ဤသဘောထားသည် ဤသင်ခန်းစာများကို သီးခြားလမ်းညွှန်ချက်များဖြင့် လမ်းညွှန်ပေးလိမ့်မည်။

*Solas* နှင့်အတူ သမ္မာကျမ်းစာ၏စည်းလုံးညီညွတ်ခြင်းနှင့် ဘုရားသခင်၏အယူဝါဒသည်၊ အသင်းတော်၏ပြုပြင်ပြောင်းလဲရေးအသင်းအဖွဲ့ခွဲ၏နောက်ဆုံးထူးခြားချက်တစ်ခုကိုဖော်ပြသင့်သည်။ ပြုပြင်ပြောင်းလဲရေး ဓမ္မပညာသည် ခရစ်ယာန်ဘာသာနှင့် လူ့ယဉ်ကျေးမှုကြား ဆက်နွယ်မှုကို မည်သို့ ရှုမြင်သနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## လူ့ယဉ်ကျေးမှု

> ပြုပြင်ပြောင်းလဲရေး ဓမ္မပညာသည် ဘုရားသခင်နှင့် လူ့ယဉ်ကျေးမှုကြားတွင် ရင်းနှီးသောဆက်ဆံရေးရှိသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ တစ်နည်းဆိုရသော် ... ဘုရားသခင်သည် မည်သည့်ခေတ်၊ မည်သည့်ယဉ်ကျေးမှုတွင်မဆို ထင်ရှားသည်ကို သင်အမြဲတွေ့ရှိနိုင်သည်။ လူ့ဘဝတွင်၊ လူ့ယဉ်ကျေးမှုတွင် ဘုရားသခင်ရှိနေခြင်းသည် မရှိမဖြစ်လိုအပ်ပြီး အမြဲထင်ရှားနေပါသည်။ နမူနာကောင်းတစ်ခုမှာ တမန်တော်ပေါလုသည် အေသင်မြို့သို့သွား၍ အေသင်မြို့သားများကိုးကွယ်သည့် "အမည်မသိဘုရားသခင်" ကိုမြင်သောအခါ၊ "ဤသူသည် သင်တို့အား ငါဟောပြောသောဘုရားသခင်ဖြစ်သည်" ဟုသူတို့အားပြောရန် ထိုအခွင့်အရေးကို အသုံးချခဲ့သည်။ ဘုရားသခင်အား မယုံကြည်ဟု ပြောဆိုသည့် ယဉ်ကျေးမှုများ၌ပင် ဘုရားသခင်သည် ထင်ရှားနေသည်ကို သင်တွေ့နိုင်သည်။ အကြောင်းမှာ တစ်ခါတရံ သူတို့၏ကိုယ်ကျင့်တရားအခြေခံမှုများတွင် ဘုရားသခင်၏တည်ရှိခြင်းကို သင်မြင်နိုင်သကဲ့သို့၊ ဘုရားသခင်၏မေတ္တာကို သင်မြင်နိုင်သည်၊ ဘုရားသခင်၏ဖန်ဆင်းခြင်းကိုလည်း သင်မြင်နိုင်သည်။ ၎င်းကို ငြင်းဆိုသော်လည်း၊ ဘုရားသခင်နှင့် လူ့ယဉ်ကျေးမှုကြားတွင် ရင်းနှီးသောဆက်ဆံရေး အမြဲရှိနေသည်။
>
> — **Rev. Pablo Torres**

ဂျနီဗာတွင် Calvin ၏ လက်ထက်မှစ၍ ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာသည် ဤကိစ္စများအတွက် မျှတစွာ တသမတ်တည်း ချဉ်းကပ်လာခဲ့သည်။ ဤထူးခြားသောအမြင်ကို အကျဉ်းချုပ်ဖော်ပြရန် နည်းလမ်းတစ်ခုမှာ သူ၏ *Christ and Culture* စာအုပ်တွင် Richard Niebuhr ဖန်တီးထားသော နာမည်ကြီး ရေးသားချက်ကို လိုက်နာခြင်းဖြစ်သည်။ သူ၏စာအုပ်တွင်၊ Niebuhr သည် ယဉ်ကျေးမှုနှင့် ပတ်သက်သော ခရစ်ယာန်ချဉ်းကပ်နည်းများကို အဓိကအုပ်စုငါးခုအဖြစ် စုစည်းထားသည်။

"ယဉ်ကျေးမှုကိုဆန့်ကျင်သောခရစ်တော်" *Christ against culture* သည် ယဉ်ကျေးမှုသည် ဆိုးယုတ်ပြီး ခရစ်ယာန်များရှောင်ရှားရမည်ဟူသော ရှုမြင်ချက်အတွက် Niebuhr ၏အမှတ်တံဆိပ်ဖြစ်သည်။ အလယ်ခေတ် ဘုန်းတော်ကြီးများ၏ အမိန့်များနှင့် ခေတ်သစ် Amish နှင့် Mennonite အသိုင်းအဝိုင်းများကဲ့သို့သော ခွဲထွက်ရေးလှုပ်ရှားမှုများသည် ဤအမြင်၏ လူသိများသောပုံစံများဖြစ်သည်။

Niebuhr သည် "ယဉ်ကျေးမှု၏ခရစ်တော်" *Christ of culture* ဟူသောအသုံးအနှုန်းကိုအသုံးပြု၍ အဓိကအားဖြင့်ယဉ်ကျေးမှုကိုအတည်ပြုရန်နှင့် ကမ္ဘာပေါ်ရှိအရာများနှင့် ခရစ်တော်အား လိုက်လျောညီထွေဖြစ်စေရန် ကြိုးပမ်းသည့်အမြင်များကိုဖော်ပြရန်အသုံးပြုသည်။ ဤချဉ်းကပ်နည်းကို ခေတ်သစ်လစ်ဘရယ်ပရိုတက်စတင့်အသင်းတော်များစွာတွင် တွေ့မြင်နိုင်သည်။

ယဉ်ကျေးမှုကိုဆန့်ကျင်သောခရစ်တော် *Christ against culture* နှင့် ယဉ်ကျေးမှု၏ခရစ်တော် *Christ of culture* အစွန်းနှစ်ဖက်ကြားတွင် Niebuhr သည် ခရစ်တော်နှင့် လူ့ယဉ်ကျေးမှုကို ပြန်လည်ပေါင်းစည်းရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းသည့် ရှုထောင့်သုံးရပ်ကို ဖော်ပြသည်။ "ယဉ်ကျေးမှုအထက် ခရစ်တော်"*Christ above culture* သည် ခရစ်တော်နှင့် လောကအကြား ပေါင်းစပ်မှုကို ကြိုးပမ်းသည့် အမြင်ဖြစ်သည်။ "ခရစ်တော်နှင့် ယဉ်ကျေးမှု၌ ဝိရောဓိဖြစ်ခြင်း" *Christ and culture in paradox* သည် ခရစ်တော်နှင့် လောကအကြား နှစ်မျိုးနှစ်စလုံးအယူအဆကို မြင်နိုင်သောအမြင်များကို ဖော်ပြသည်။ "ယဉ်ကျေးမှုကို ပြောင်းလဲစေသောခရစ်တော်" *Christ the transformer of culture* သည်ခရစ်ယာန်ဘာသာလွှမ်းမိုးသင့်သည်ဟု ယူဆချက်နှင့် အချို့သောနည်းလမ်းများတွင် ယဉ်ကျေးမှုများကို သမ္မာကျမ်းစာစံနှုန်းများအဖြစ် "ပြောင်းလဲခြင်း" ပြုသင့်ဟု ရှုမြင်ချက်နှင့် သက်ဆိုင်သည်။ Niebuhr ၏အမြင်တွင်၊ ပြုပြင်ပြောင်းလဲရေး အနေအထားသည် ဤနောက်ဆုံးအမျိုးအစားတွင် ကိုက်ညီပါသည်။

ယခုအခါ မတူညီသောအချိန်များတွင်၊ ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာသည် ဤအမြင်ကို နည်းလမ်းအမျိုးမျိုးဖြင့် အကျိုးသက်ရောက်စေခဲ့သည်။ ဝမ်းနည်းစရာမှာ ဤကြိုးပမ်းမှုအချို့သည် ဥရောပကိုလိုနီဝါဒနှင့် နီးကပ်စွာဆက်စပ်နေပါသည်။ သို့သော် အတိတ်မှ အသွင်ကူးပြောင်းမှုပုံစံ၏ ယေဘုယျအားဖြင့် အပြုသဘောဆောင်သော ဥပမာအချို့လည်း ရှိခဲ့သည်။ ပုံမှန်အားဖြင့်၊ ကျွန်ုပ်တို့သည် Puritan England နှင့် Puritan America နှင့် Holland ရှိ Abraham Kuyper ၏ ကြိုးပမ်းအားထုတ်မှုများကို ခရစ်တော်သည် လူ့ယဉ်ကျေးမှုကို အသွင်ပြောင်းရန် ကြိုးပမ်းမှု၏ နောက်ထပ် အပြုသဘောဆောင်သော နမူနာများအဖြစ် ထောက်ပြကြသည်။ အဖြစ်အပျက်အားလုံးတွင် ယဉ်ကျေးမှုဆိုင်ရာ ယေဘုယျပြုပြင်ပြောင်းလဲရေး ရပ်တည်ချက်ကို ဤနည်းဖြင့် အကျဉ်းချုံးနိုင်သည်_ ဘုရားသခင်သည် လူသားများကို ပထမဆုံးဖန်ဆင်းပြီး ဒေင်ဥယျာဉ်တွင် နေရာချထားသောအခါ၊ လူသားများကို ယဉ်ကျေးမှုဆိုင်ရာ လုပ်ပိုင်ခွင့်တစ်ခု ပေးခဲ့သည်။ ကမ္ဘာဦး ၁:၂၈ ၏ ရင်းနှီးကျွမ်းဝင်သောစကားများကို နားထောင်ပါ_

> အချင်းတို့ များပြားစွာမွေးဘွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုင်၊ မိုဃ်းကောင်းကင်ငှက်တို့ကိုင်၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုင်း အုပ်စိုးကြလော့ဟုမိန့်တော်မူ၍၊ သူတို့ကိုကောင်းကြီးပေးတော်မူ၏ (ကမ္ဘာ ၁း၂၈)။

အာဒံနှင့်ဧဝတို့ကို ကမ္ဘာတစ်ဝှမ်းရှိ ဘုရားသခင်၏ဒု-အုပ်စိုးရှင်များအဖြစ် အမှုထမ်းရန်၊ မြေကြီးနှင့် ဘုရားသခင်ဘုန်းတော်အတွက် စီမံခန့်ခွဲရန် တာဝန်ပေးထားသည်။ ပြုပြင်ပြောင်းလဲရေးအမြင်အရ၊ ဤယဉ်ကျေးမှုဆိုင်ရာ လုပ်ပိုင်ခွင့်ကို သီးသန့်ဖယ်ထားခြင်းမရှိပါ။ ၎င်းအစား၊ ၎င်းကို ကျန်သောကျမ်းစာအားလုံးသည် အတည်ပြုထားသည်။ အမှန်ဆိုရလျှင်၊ ခရစ်တော်သည် သူ၏အသင်းတော်အား ပေးခဲ့သောဧဝံဂေလိတရားအမိန့်တော်သည် ဘုရား၏လူမျိုးကို အပြစ်မှရွေးနှုတ်ရန် ရည်ရွယ်ထားသည့် ဤယဉ်ကျေးမှုဆိုင်ရာလုပ်ပိုင်ခွင့်ကို ပြည့်စုံစေရန်ဖြစ်သည်။

ထို့အတွက်ကြောင့်၊ ပြုပြင်ပြောင်းလဲရေး ဓမ္မပညာသည် ဘဝရှုထောင့်တိုင်းကို ခရစ်တော်၏ အုပ်စိုးမှုအောက်သို့ ယူဆောင်လာရမည်ဟု အခိုင်အမာဆိုထားသည်။ ပြုပြင်ပြောင်းလဲရေး ဓမ္မပညာသည်ဘဝ၏အချို့သောကဏ္ဍများသည် ဘာသာရေးဖြစ်ပြီး အခြားအရာများသည် လောကီဖြစ်သည်ဟူသော အယူအဆကို ငြင်းပယ်သည်။ ဤရှုထောင့်မှကြည့်လျှင် ဘဝတစ်ခုလုံးသည် စစ်မှန်သော ဘာသာတရား သို့မဟုတ် မှားယွင်းသောဘာသာတရားဖြင့် အုပ်ချုပ်သည်ကိုမြင်ရသည်။ အနုပညာ၊ သိပ္ပံ၊ ဥပဒေ၊ နိုင်ငံရေး၊ စီးပွားရေး၊ မိသားစု၊ ကျောင်းစသည့် လူ့ယဉ်ကျေးမှု၏ ရှုထောင့်တိုင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ချီးမြောက်ပြီး ဘုရားသခင်ဘုန်းထင်ရှားစေသော နည်းလမ်းများဖြင့် ပြီးမြောက်သင့်သည်။

သမ္မာကျမ်းစာနေရာများစွာတွင် ဘုရားသခင်၏နိုင်ငံတော်သည် ကျွန်ုပ်တို့မည်သူဖြစ်ကြောင်း၊ ကျွန်ုပ်တို့လုပ်ဆောင်သည့် အစိတ်အပိုင်းတိုင်းတွင် အကျိုးသက်ရောက်စေရန်နှင့် ပုံသဏ္ဍာန်ဆောင်သူများအဖြစ် ကျွန်ုပ်တို့၏အခန်းကဏ္ဍသည်၊ ဘုရားသခင်၏ ဘုရင်ဖြစ်ခြင်းကို ထင်ရှားစေရန်အတွက် ကျွန်ုပ်တို့၏တပည့်ဖြစ်ခြင်း၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဧဖက် ၄ တွင် တမန်တော်ပေါလုသည် “ခရစ်တော်ကို သင်ယူခြင်း” ဟူသည့်အဓိပ္ပာယ်ကို ဖော်ပြသည်။ တပည့်ဖြစ်ခြင်းအကြောင်းပြောရာတွင်၊ သူသည် ဝတ်ပြုခြင်းအလေ့အထများဖြင့်မစတင်ပါ။ ၎င်းအစား၊ ကျွန်ုပ်တို့၏အိမ်နီးချင်းများနှင့် စကားပြောဆိုပုံနည်းလမ်းဖြင့် စတင်သည်။ မုသာစကားများကိုရပ်ပြီး ကျွန်ုပ်တို့၏အိမ်နီးနားချင်းများကို သမ္မာတရားကိုစတင်ပြောဆိုသင့်သည်။ ထို့နောက် သူသည်ထိုမှတဆင့် — နိုင်ငံသားဖြစ်ခြင်း၏ အခန်းကဏ္ဍ — ကျွန်ုပ်တို့၏လုပ်ငန်းခွင်ဘဝအတွက်၊ “ခိုးသောသူသည် ခိုးခြင်းကိုရပ်၍ အခြားသူတို့အား ပေးစရာတစ်ခုခုရှိစေခြင်းငှာ မိမိလက်ဖြင့်လုပ်ဆောင်သင့်သည်” ဟုဆိုသည်။ ထို့ကြောင့်၊ ပေါလုအတွက် “ခရစ်တော်ကို သင်ယူခြင်း” သို့မဟုတ် ခရစ်တော်၏ တပည့်ဖြစ်ခြင်း၌ မြင်နိုင်သောအရာသည် ကျွန်ုပ်တို့ဘဝ၏ အစိတ်အပိုင်းတိုင်းအပေါ် သက်ရောက်မှုရှိသည်။ ၎င်းအခန်းနောက်ပိုင်းနှင့် အခန်း ၅ နှင့် ၆ တွင်မိသားစုဘဝ၊ မိဘနှင့်သားသမီးများ၊ ခင်ပွန်းနှင့်ဇနီးအကြောင်း ပြောပါလိမ့်မည်။ ကျွန်ုပ်တို့၏ဝတ်ပြုခြင်းအသက်တာအကြောင်းနှင့် ကျွန်ုပ်တို့သည် အချင်းချင်းသီချင်းဆိုကာ၊ အချင်းချင်းအဖို့ အားပေးစကားပြောသင့်သည်ဟု သူသည်ပြောပါလိမ့်မည်။ ထို့ပြင် ကျွန်ုပ်တို့သည် အကြီးအကဲများနှင့် မင်းအာဏာပိုင်များကို မည်သို့တုံ့ပြန်သင့်ကြောင်းလည်း သူသည်ပြောပြပါလိမ့်မည်။ ပုံဥပမာများပြောသောအခါယေရှုသည်လည်း ဤသို့ပြုခဲ့သည်။ သူသည် ဘဝ၏ သီးခြားအစိတ်အပိုင်းတစ်ခုအား ညွှန်ပြလိမ့်မည်—ဤသူဌေးနှင့် ဆင်းရဲသားတစ်ဦးကိုကြည့်ပါ—နှင့် ဘုရားသခင်၏နိုင်ငံတော်၏ ပုံပန်းသဏ္ဍာန်အကြောင်း ပြောဆိုလိမ့်မည်။ ချမ်းသာသူသည် ဆင်းရဲသူနှင့် မည်သို့ ဆက်ဆံသင့်သနည်း။ ထို့ကြောင့်၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ဘဝ၏ အစိတ်အပိုင်းတိုင်းသည် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် ရှိနေသည်။

**ဒေါက်တာ Gregory R. Perry**

# နိဂုံး

ခရစ်ယာန်ဓမ္မပညာကို လေ့လာဖော်ထုတ်ခြင်းဆိုင်ရာ ဤသင်ခန်းစာတွင်၊ ဤလေ့လာမှုတစ်ခုလုံးကို လမ်းညွှန်ပေးမည့် အရေးကြီးသောရှုထောင့်အချို့ကို ကျွန်ုပ်တို့ ဖော်ပြထားပါသည်။ ကျွန်ုပ်တို့သည်ခရစ်ယာန်ဓမ္မပညာကို တမန်တော်များ၏အယူဝါဒနှင့်အညီ ရှေးဦးစွာ သတ်မှတ်ခဲ့သည်။ အသင်းတော်၏ အသင်းအဖွဲ့ခွဲအမျိုးမျိုးအား ပုံသွင်းကာအသွင်သဏ္ဌာန်ပြုသော ဓမ္မပညာအတွင်း ခရစ်ယာန်ထုံးတမ်းစဉ်လာ အမျိုးမျိုးရှိကြောင်းကိုလည်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ နောက်ဆုံးအနေနှင့်၊ ဤသင်ခန်းစာများကို ၎င်း၏မူလအစနှင့် တိုးတက်မှုများ၊ သဘောထားများနှင့် ဓမ္မပညာဆိုင်ရာ ကွဲပြားခြားနားချက်များအပါအဝင် ပြုပြင်ပြောင်းလဲရေး ထုံးတမ်းစဉ်လာ၏ ဦးတည်ချက်များဖြင့် လမ်းညွှန်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ထောက်ပြခဲ့သည်။

ခရစ်တော်၏နောက်လိုက်တိုင်းသည် ခရစ်ယာန်ဓမ္မပညာကို လေ့လာဖော်ထုတ်ရန် အခွင့်ထူးကို ရရှိခဲ့ကြသည်။ ကျွန်ုပ်တို့အနေဖြင့်၊ ကျွန်ုပ်တို့၏တွေးခေါ် ပုံ၊ ပြုမူပုံနှင့် ခံစားရသည့်ပုံစံများ၊ ကျွန်ုပ်တို့၏ ရှေးရိုးစွဲဝါဒ orthodoxy၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis နှင့် မှန်ကန်သောခံစားမှု Orthopathos တို့တွင် အခြားယုံကြည်သူများနှင့် တူညီမှုရှိသည်ကို တွေ့ရှိနိုင်သည်။ သို့သော် ခရစ်ယာန်ဓမ္မပညာသည် ကွဲပြားခြင်းမရှိကြောင်းကိုလည်း တွေ့ရှိရပေမည်။ အသင်းတော်၏ထောင်စုနှစ်တစ်လျှောက်လုံးတွင် မတူညီသောအသင်းအဖွဲ့ခွဲများသည် ၎င်းတို့၏ ထုံးတမ်းစဉ်လာဦးစားပေးများနှင့် အလေးပေးမှုများကို ဖော်ထုတ်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ဤထုံးတမ်းစဉ်လာများနှင့် ဆက်ဆံရာတွင် မရေမတွက်နိုင်သော နည်းလမ်းများဖြင့် အကျိုးခံစားရပါသည်။ ခရစ်ယာန်ဓမ္မပညာကို လေ့လာဖော်ထုတ်ခြင်းသည် အသက်တာ၏ရှုထောင့်တိုင်းတွင် ခရစ်တော်ကိုချီးမြောက်သော ဓမ္မပညာကို တည်ဆောက်ရန် ကြိုးပမ်းနေရာ ယုံကြည်သူတိုင်းနှင့် မျှဝေခံစားသည့် တစ်သက်လုံးကြိုးပမ်းအားထုတ်မှု တစ်ခုဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။